**Head of Finance**

ဒေါ်ခင်ရည်မွန်ဝင်းသည် ကုမ္ပဏီ၏ Head of Finance နေရာတွင် တာဝန်ထမ်းဆောင်၍ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများဖြစ်သည့် စာရင်းကိုင်နှင့် ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံခြင်း၊ အခွန်ပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ဘတ်ဂျတ်ရေးဆွဲစီစဉ်ခြင်းနှင့် ကော်ပိုရိတ်ဘဏ္ဍာရေးအပိုင်းတို့ကို တာဝန်ယူ လုပ်ဆောင်ပါသည်။ သူမ သည် Yoma Group သို့ ၂၀၁၃ ခုနှစ် ဇူလိုင်လ တွင် StarCity Finance Manager အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် Yoma Land ၏ Division Finance Manager အဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရပါသည်။ ထို့နောက် သူမသည် Yoma Motors Financial Controller အဖြစ် ၂၀၂၂ ခုနှစ်၊ ဇွန်လ အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူမသည် စာရင်းကိုင်နှင့် ဘဏ္ဍာရေးကဏ္ဍတွင် နှစ် (၂၀) ကြာ လုပ်ငန်းအတွေ့အကြုံရှိပြီး စင်္ကာပူနှင့် မြန်မာ နိုင်ငံရှိ ရေနံ နှင့် ဓါတ်ငွေ့၊ နည်းပညာ ဝန်ဆောင်မှု၊ အိမ်ခြံမြေနှင့် မော်တော်ကားနယ်ပယ်တို့တွင် အတွေ့အကြုံ များစွာရှိသူဖြစ်သည်။ သူမသည် University of London မှ ဘဏ္ဍာရေးနှင့် စာရင်းကိုင်ဘွဲ့ရရှိထားသူဖြစ်သည်။ သူမသည် Certificate Public Accountant (“CPA”) တစ်ဦးဖြစ်ပြီး CPA Australia ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

## YOMA BANK

### U Kyaw Soe Lin
**Chief Executive Officer (Acting)**

ဦးကျော်စိုးလင်းသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ရိုးမဘဏ်တွင် Chief Executive Officer (Acting) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လက်ရှိရာထူးမတိုင်မီ Digital Money Myanmar Ltd (Wave Money) တွင် ဒါရိုက်တာနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အရာရှိချုပ် (Chief Business Officer) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် Myanmar Payment Union တွင် ဒုတိယဥက္ကဋ္ဌ အနေဖြင့် တာဝန်ထမ်းဆောင်နေပြီး Myanmar Credit Bureau ၏ နည်းပညာကော်မတီကိုလည်း ဦးဆောင်လျက်ရှိပါသည်။ ထို့ပြင် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်ဖြစ်သော Myanmar Pay စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်လုပ်ဆောင်လျက်ရှိပြီး Myanmar Digital Economy Association ၏ အမှုဆောင်ကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ၎င်းသည် အဆိုပါရာထူးများမတိုင်မီ ရိုးမဘဏ်သို့ ၁၉၉၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီးနောက် ဘဏ်၏ ဘဏ်ခွဲပိုင်းဆိုင်ရာ ဘဏ်လုပ်ငန်းအရာရှိချုပ် (Chief Consumer Banking Officer)၊ နည်းပညာပိုင်းဆိုင်ရာအရာရှိချုပ် (Chief Technology Officer)၊ လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ် (Chief Operation Officer) ရာထူးများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ရိုးမဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ဘဏ်၏ သတင်းအချက်အလက်နှင့်နည်းပညာ (IT) ဌာနကို စတင်တည်ထောင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။

ဦးကျော်စိုးလင်းသည် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းကဏ္ဍနှင့် သတင်းအချက်အလက်နှင့် နည်းပညာ (IT) အပိုင်းတွင် နှစ်ပေါင်း (၃၀) ခန့်ကြာ ပြည်တွင်းနှင့် နိုင်ငံတကာ ဘဏ်လုပ်ငန်းများ၊ ဆေးရုံစီမံခန့်ခွဲမှုစနစ်များ၊ ထောက်ပံ့ရေးဆက်သွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှု (Supply Chain Management) နှင့် အခြား စီးပွားရေးကဏ္ဍများတွင် လုပ်ငန်းအတွေ့အကြုံ များစွာရှိပြီး ဘဏ်လုပ်ငန်းလည်ပတ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ စီမံကိန်းအုပ်ချုပ်မှု၊ နည်းပညာနှင့် ဆက်သွယ်ရေးစသည့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ ဦးကျော်စိုးလင်း၏ IT အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍ ထင်ရှားသောအချက်မှာ ၂၀၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးအလိုအလျောက် ဘဏ်လုပ်ငန်း Software ဖြစ်သော “Yoma Integrated Banking System” ကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဦးကျော်စိုးလင်းကို ရန်ကုန်တွင် မွေးဖွားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒဘာသာရပ် B.Sc. (Hons.) ဘွဲ့နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ သတင်းအချက်အလက်၊ နည်းပညာမဟာသိပ္ပံဘွဲ့ကိုလည်း ရရှိထားပါသည်။

### Daw Aye Aye Soe
**Chief Internal Auditor**

ဒေါ်အေးအေးစိုးသည် ၁၉၉၉ ခုနှစ်တွင် ရိုးမဘဏ်သို့ ဘဏ်ခွဲမန်နေဂျာအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး လက်ရှိတွင် Chief Internal Auditor အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် ၁၉၉၁ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ အတွေ့အကြုံများစွာရှိသူတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ရိုးမဘဏ်သို့ မဝင်ရောက်မီ First Private Bank တွင် စာရင်းကိုင်ချုပ် (Chief Accountant) အဖြစ် (၅) နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်အေးအေးစိုးသည် ၁၉၉၁ ခုနှစ်တွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်မှ Bachelor of Commerce in Banking ဘွဲ့ကို ရရှိခဲ့ပြီး Certified Public Accountant (CPA) တစ်ဦးလည်းဖြစ်ပါသည်။

### Daw Khin Mu Mu Myint
**Chief Consumer Banking Officer**

ဒေါ်ခင်မူမူမြင့်သည် Fortune 100 ကုမ္ပဏီများနှင့် အခြားကဏ္ဍအသီးသီးရှိ ပုဂ္ဂလိကအဖွဲ့အစည်းများတွင် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း၊ မဟာဗျူဟာမြောက်မိတ်ဖွဲ့မှုလုပ်ငန်း၊ အသင်းအဖွဲ့လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကော်ပိုရိတ်ဆိုင်ရာစီမံအုပ်ချုပ်မှုလုပ်ငန်းများအပြင် ပြန်လည်ပြုပြင်ခြင်းနှင့် ပြောင်းလဲခြင်းလုပ်ငန်းများကို နှစ်ပေါင်း (၂၀) ကျော်ကြာ လုပ်ဆောင်ပေးနိုင်ခဲ့သည့် အကြီးတန်းအမှုဆောင်တစ်ဦးဖြစ်ပါသည်။ လက်ရှိတွင် Chief Consumer Banking Officer ရာထူးဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးမဘဏ်၏ ဘဏ်ခွဲပေါင်း (၈၀) ကျော်မှ ဝန်ထမ်းပေါင်း (၂,၀၀၀) ကျော်ကို ဦးဆောင်နေသူဖြစ်ပါသည်။ လက်ရှိရာထူးမတိုင်မီတွင် သူမသည် Chief Business Banking Officer ရာထူးဖြင့် ရိုးမဘဏ်အား မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် အရေးပါသည့် ဘဏ်တစ်ခုဖြစ်လာစေရန် မဟာဗျူဟာများရေးဆွဲချမှတ်ရာတွင် အဓိကပါဝင်ခဲ့ပါသည်။ ရိုးမဘဏ်၏ Commercial and International Banking Division ကို တည်ထောင်ရာတွင်ပါဝင်ဆောင်ရွက်ခဲ့ပြီး၊ ဆက်စပ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို စတင်ဖော်ထုတ်မိတ်ဆက်ရာတွင်လည်း တစ်တပ်တစ်အားပါဝင်ခဲ့ပါသည်။

ဒေါ်ခင်မူမူမြင့်သည် ထင်ရှားသော အမေရိကန်အဖွဲ့အစည်းများဖြစ်သည့် Freddie Mac၊ World Bank၊ Citi Group၊ JP Morgan နှင့် Prudential Insurance များအပြင် မြန်မာနိုင်ငံရှိ အခြားပြည်တွင်းလုပ်ငန်းစုကြီးများတွင်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ Baruch College ၊ University of New York မှ Bachelor of Business Administration in Accounting ဘွဲ့ကို ရရှိခဲ့ပြီး State of Washington ၏ Certified Public Accountant (CPA) တစ်ဦးလည်း ဖြစ်ပါသည်။

### Daw Pwint Thawdar Maung
**Chief Financial Officer (Acting)**

ဒေါ်ပွင့်သော်တာမောင် သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ရိုးမဘဏ်တွင် Chief Financial Officer (Acting) ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရိုးမဘဏ်သို့မဝင်ရောက်မီ ရိုးမအုပ်စုတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ Head of Risk Management and Assurance အဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်မှစတင်၍ Yoma Fleet Limited တွင် ငွေရေးကြေးရေးအရာရှိချုပ်အဖြစ် လည်းကောင်း

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါ်ပွင့်သော်တာမောင်သည် ၂၀၁၈ ခုနှစ်တွင် ရိုးမအုပ်စု၏ လုပ်ငန်းတစ်ခုဖြစ်သော Yoma Heavy Equipment Company Limited တွင် Financial Controller ရာထူးဖြင့် စိုက်ပျိုးရေးနှင့်ဆောက်လုပ်ရေးစက်ပစ္စည်းများ တင်သွင်းရောင်းချခြင်းဆိုင်ရာ ဘဏ္ဍာရေးစီမံခန့်ခွဲခြင်း၊ လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ယူခဲ့ပါသည်။ ထို့ပြင် ၂၀၁၇ ခုနှစ်တွင် Ooredoo Myanmar Limited တွင် Senior Pricing Manager ရာထူးဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှု ဈေးနှုန်းပြောင်းလဲမှုများကို မြန်မာနိုင်ငံဆက်သွယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြောင်းလဲသတ်မှတ်ခြင်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ ရာထူးတာဝန်များမတိုင်မီ ၂၀၀၈ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စင်ကာပူနိုင်ငံတွင် အရေးကြီးသော ငွေရေးကြေးရေးနှင့် စာရင်းအင်းစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များကို စင်ကာပူနိုင်ငံအစိုးရရုံး (Central Provident Fund Board) တွင်လည်းကောင်း၊ Alibaba Group ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော Lazada Southeast Asia Pte Ltd တွင်လည်းကောင်း၊ Singapore Telecommunication Ltd ၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော NCS Pte Ltd တွင်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဒေါ်ပွင့်သော်တာမောင် သည် မြန်မာနိုင်ငံသားတစ်ဦးဖြစ်ပြီး UK ရှိ University of London မှ MSc. in Professional Accountancy ဘွဲ့နှင့် University of Portsmouth မှ B.A in Accountancy and Financial Management ဘွဲ့များ ရရှိထားပါသည်။ ထို့အပြင် နိုင်ငံတကာအသိအမှတ်ပြု Association of Chartered Certified Accountants (ACCA) ၏ Chartered Certified Accountant တစ်ဦးလည်း ဖြစ်ပါ သည်။

## Daw Nang Khin Khin Gyi

### Chief People Officer

ဒေါ်နန်းခင်ခင်ကြီးသည် ရိုးမဘဏ်သို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် ဝင်ရောက်ခဲ့ပြီး၊ လက်ရှိတွင် Chief People Officer အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ရိုးမဘဏ်သို့ မဝင်ရောက်မီ သူမသည် Internal Auditor အဖြစ် United States တွင် (၁၀) နှစ်ကျော် လုပ်ကိုင်ခဲ့ပါသည်။ သူမသည် Massachusetts အခြေစိုက် Alere Inc အတွက် Global Corporate Internal Audit Manager အဖြစ် လုပ်ကိုင်ခဲ့သည်။ Alere မတိုင်မီက သူမသည် Massachusetts ပြည်နယ် Waltham တွင် အခြေစိုက်သည့် Fortune 500 ကုမ္ပဏီ Thermo Fisher Scientific တွင်လည်း အလုပ်လုပ်ခဲ့ပါသည်။ သူမသည် COSO Framework ၏ ဌာနတွင်းထိန်းချုပ်မှုများ၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစာရင်းစစ်ခြင်း၊ လိုက်နာကျင့်သုံးမှုစစ်ဆေးခြင်း၊ သတင်းအချက်အလက် နည်းပညာစစ်ဆေးခြင်း၊ လုပ်ငန်းစဉ်မြှင့်တင်ရေးနှင့် စီးပွားရေးပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း စသည့် အတွေ့အကြုံပေါင်းများစွာကို ရိုးမဘဏ်သို့ ယူဆောင်လာခဲ့သူ ဖြစ်ပါသည်။ Massachusetts ပြည်နယ်၊ Brandeis တက္ကသိုလ်မှ International Economics and Finance မဟာဘွဲ့၊ Massachusetts တက္ကသိုလ်မှ B.S. in Management/Finance နှင့် Massachusetts ပြည်နယ်ရှိ Bard College at Simon's Rock မှ A.A. in Liberal Arts တို့ကို ရရှိထားသူဖြစ်ပါသည်။ သူမသည် Certified Internal Auditor ၊ Certified Fraud Examiner တစ်ဦးလည်း ဖြစ်ပါသည်။

## Daw Zin Mie Mie

### Chief Compliance Officer (Acting)

ဒေါ်ဇင်မီမီသည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ရိုးမဘဏ်တွင် Chief Compliance Officer (Acting) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လက်ရှိရာထူးတာဝန်မထမ်းဆောင်မီ ၂၀၂၂ခုနှစ်၊ ဇွန်လမှစ၍ လက်ထောက်လိုက်နာဆောင်ရွက်ရေးဆိုင်ရာအရာရှိချုပ် (Deputy Chief Compliance Officer) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ငွေကြေးခဝါချမှုကို တိုက်ဖျက်ရေးဆိုင်ရာမူဘောင် အဆင့်မြှင့်တင်ရေးနှင့် ခိုင်မာသော လိုက်နာဆောင်ရွက်ရေးဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုပုံစံကို အောင်မြင်စွာ ချမှတ်လုပ်ဆောင်နိုင်ခဲ့သူ ဖြစ်ပါသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်၊ မေလမှစတင်၍ ကုမ္ပဏီ၏ အထွေထွေအတွင်းရေးမှူး (Corporate Secretary) အနေဖြင့် ရိုးမဘဏ်၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုမူဘောင် ဖွဲ့စည်းရေးဆွဲရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ခဲ့ပါသည်။ ဒေါ်ဇင်မီမီသည် ၂၀၁၄ ခုနှစ်တွင် ရိုးမဘဏ်သို့ စတင်ဝင်ရောက်ခဲ့ပြီး Head of Treasury & Financial Institutions အဖြစ် Front to Bank ဘဏ္ဍာရေးစနစ်ကို အကောင်အထည်ဖော်၍ Treasury Department ကို ဘဏ်၏ အကျိုးအမြတ်ဗဟိုတစ်ခုအနေဖြင့် တည်ထောင်ခဲ့ပါသည်။

ရိုးမဘဏ်တွင် တာဝန်မထမ်းဆောင်မီ ၂၀၁၀-၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာ ထိပ်တန်းရင်းနှီးမြှုပ်နှံမှု ဘဏ်များအနက်တစ်ခု ဖြစ်သည့် လန်ဒန်မြို့ရှိ Bank of America Merrill Lynch ရှိ Equity Structured Financing လုပ်ငန်းတွင် Financial Control အပိုင်းများကို Assistant Vice President ရာထူးဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ရှိ Credit Suisse ရှိ Prime Services လုပ်ငန်းတွင် Product Control – Analyst အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဒေါ်ဇင်မီမီသည် ဆယ်ကျော်သက်အရွယ်အထိ မြန်မာနိုင်ငံတွင်ကြီးပြင်းခဲ့ပြီး အင်္ဂလန်နိုင်ငံရှိ Warwick University မှ Mathematics ၊ Operational Research ၊ Statistics and Economic ဆိုင်ရာ BSc (Hons) ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့ပြင် UK အခြေစိုက် Chartered Institute of Management Accountants (CIMA) ၏ Chartered Management Accountant တစ်ဦးအဖြစ်သာမက ငွေကြေးခဝါချမှုတိုက်ဖျက်ရေး အပိုင်းတွင်လည်း နိုင်ငံတကာအသိအမှတ်ပြု Certified Anti-Money Laundering Specialist (ACAMS) တစ်ဦးလည်း ဖြစ်ပါသည်။

# PUN HLAING HOSPITALS

## Dr Gershu Chandy Paul

### Chief Executive Officer

Dr. Gershu Chandy Paul သည် ၂၀၁၄ ခုနှစ်မှစတင်၍ ပန်းလှိုင်ဆေးရုံအုပ်စု၏ အမှုဆောင်အရာရှိချုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ သူသည် နယူးဇီလန်နိုင်ငံ Southland ခရိုင်ကျန်းမာရေး ဘုတ်အဖွဲ့တွင် ဆယ်စုနှစ်တစ်ခုကျော်ကြာ အလုပ်လုပ်ခဲ့ပြီး အမှုဆောင်အရာရှိချုပ် ဖြစ်ခဲ့သည်။ ထို့နောက် Siloam Hospitals Indonesia ၏ ဥက္ကဋ္ဌ/CEO အဖြစ် ဆယ်စုနှစ်တစ်ခုကြာ တာဝန်ယူခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ဂျကာတာ စတော့အိတ်ချိန်းတွင် ဈေးကွက်အရင်းအနှီး အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံ ဖြင့်အောင်မြင်စွာ စာရင်းသွင်းခဲ့သည်။ သူသည် အမှုဆောင်အဆင့်တွင် နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှု အတွေ့အကြုံ ၃၄ နှစ်ကျော်ရှိသည်။ သူသည် ၎င်း၏ ဆေးပညာဘွဲ့၊ ခွဲစိတ်မှုဘွဲ့ (“MBBS”) ကို ၁၉၈၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံရှိ Bangalore တက္ကသိုလ်မှ ရရှိခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် နယူးဇီလန်နိုင်ငံရှိ Otago University မှ Business Administration ဘွဲ့ကို ရရှိခဲ့ပါသည်။ ထို့အပြင် သူသည် ၂၀၀၆ ခုနှစ်တွင် Royal Australasian Medical College of Administrators (“FRACMA”) ကို ဩစတြေးလျနိုင်ငံ Melbourne မှ ဘွဲ့ရခဲ့ပြီး Australian College of Health Service Management ၏ Fellow တစ်ဦးလည်းဖြစ်သည်။

## Dr. Thet Thet Khine

### Deputy Chief Executive Officer

ဒေါက်တာသက်သက်ခိုင် သည် ပန်းလှိုင်ဆေးရုံ၏ အဏုဇီဝဗေဒဆိုင်ရာ ဆရာဝန်ကြီးအဖြစ်နှင့် ဆေးဌာန မန်နေဂျာအဖြစ် ၂၀၀၅ ခုနှစ်တွင် တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ၂၀၁၀ ခုနှစ်တွင် ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး နိုင်ငံအနှံ့ ပန်းလှိုင်ဆေးရုံများ တိုးချဲ့ဖွင့်လှစ်မှုအပိုင်းတွင် ကြီးကြပ်လုပ်ကိုင်ရန်နှင့် ဆေးရုံလည်ပတ်မှုများကို ကြီးကြပ်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် မန်နေဂျင်း ဒါရိုက်တာအဖြစ် ရာထူးတိုးမြှင့်ခြင်းခံရပါသည်။ သူမသည် ၁၉၉၃ ခုနှစ် တွင် ဆေးပညာဘွဲ့နှင့် ခွဲစိတ်ကုသမှုဘွဲ့၊ ၂၀၀၃ ခုနှစ်တွင် အဏုဇီဝဗေဒမဟာသိပ္ပံဘွဲ့ တို့ကို ရန်ကုန်ဆေးတက္ကသိုလ် (၁) မှ ရရှိခဲ့ပါသည်။

## Ms. Tan Guat Ngoh

### Chief Financial Officer

Ms. Tan Guat Ngoh (“Ms. Tan”) သည် ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် ပန်းလှိုင်ဆေးရုံ၏ ဘဏ္ဍာရေးအမှု ဆောင်အရာရှိချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူမသည် ပန်းလှိုင်ဆေးရုံ၏ ဘဏ္ဍာရေးနှင့် ငွေကြေးအရင်းအနှီး အရင်းအမြစ်များ စီမံခန့်ခွဲမှုအပိုင်းတွင် တာဝန်ယူထားပါသည်။ သူမသည် စင်ကာပူနိုင်ငံ ရှိ အကြီးဆုံးစာရင်းကိုင်ဆိုင်ရာ ကုမ္ပဏီကြီး (၄) ခု

နှင့် ကျန်းမာရေး၊ အိမ်ခြံမြေဖော်ထုတ်တည်ဆောက်ရေး၊ စွမ်းအင်လျှပ်စစ် အစရှိသည့် အများပိုင်နှင့် ပုဂ္ဂလိကပိုင် ကုမ္ပဏီများတွင် လုပ်ကိုင်ရင်းဖြင့် နှစ်ပေါင်း (၃၀) ကျော်ကြာ စာရင်းကိုင်နှင့် ဘဏ္ဍာရေးကဏ္ဍဆိုင်ရာ အတွေ့အကြုံများကို ရရှိခဲ့ပါသည်။ Ms. Tan သည် The Association of Chartered Certified Accountants (UK) မှ ဘွဲ့ရရှိခဲ့ပြီး Institute of Singapore Chartered Accountants (“ISCA”) ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။

## YOMA LAND

### Mr. Goh Boon Leong
**Financial Controller**

Mr. Goh Boon Leong သည် Yoma Land တွင် ၂၀၁၇ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ပြီး Yoma Central စီမံကိန်း၏ Financial Controller အဖြစ် တာဝန်ခန့်အပ်ခြင်း ခံရပါသည်။ ထို့နောက် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီတွင် StarCity ၏ စီမံခန့်ခွဲရေး အဖွဲ့ဝင်အဖြစ် တာဝန်ပေးခြင်း ခံရပါသည်။ Yoma Group တွင် တာဝန်မထမ်းဆောင်မီ သူသည် ကမ္ဘာအနှံ့ရှိ နိုင်ငံများတွင် ဘဏ္ဍာရေး နှင့် လုပ်ငန်းလည် ပတ်မှုဆိုင်ရာ ကဏ္ဍတွင် (၂၅) နှစ်ကြာ အတွေ့အကြုံရှိသူလည်း ဖြစ်သည်။ သူသည် ဩစတြေးလျနိုင်ငံရှိ Deakin University မှ စာရင်း ကိုင်နှင့် စီမံခန့်ခွဲရေး ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။

### Daw Nwe Nwe Tun
**Project Director**

ဒေါ်နွယ်နွယ်ထွန်း သည် Yoma Group သို့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် Project Manager အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် Yoma Land ၏ Project Director အဖြစ် တာဝန်ပေးအပ်ခြင်း ခံရပါသည်။ Yoma Group တွင် မဝင်ရောက်မီ သူမသည် စင်္ကာပူနိုင်ငံရှိ နိုင်ငံတကာ အတိုင်ပင်ခံ ကုမ္ပဏီများနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများတွင် နှစ်ပေါင်း (၁၃) နှစ်ကြာ အတွေ့အကြုံရှိသူလည်း ဖြစ်ပါသည်။ သူမသည် မန္တလေးနည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့နှင့် စင်္ကာပူနိုင်ငံရှိ Nanyang Technological University မှ မြို့ပြ အင်ဂျင်နီယာ မဟာဘွဲ့တို့ကို ရရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ် တွင်လည်း Geneva ရှိ စီးပွားရေးကျောင်းမှ MBA (နိုင်ငံတကာ စီမံခန့်ခွဲမှု) ဘွဲ့ကို ရရှိခဲ့ပါသည်။

## MEMORIES GROUP

### Mr. Cyrus Pun
**Chief Executive Officer**

Mr. Cyrus Pun သည် တရုတ်နိုင်ငံရှိ Hutchison Port Holdings ၏ တောင်တရုတ် အရောင်း အဝယ်ဌာန၊ ပို့ကုန်လုပ်ငန်းတွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ သူသည် SPA ကို ၂၀၀၇ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ ဒါလီယန်ရှိ ဘက်စုံသုံး အိမ်ရာဖော်ထုတ် တည်ဆောက်ရေး လုပ်ငန်းတွင် ဦးဆောင်အခန်းကဏ္ဍ မှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ Memories Group ၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်မထမ်းဆောင်မီ သူသည် Yoma Strategic ၏ အလုပ်အမှုဆောင် ဒါရိုက်တာဖြစ်ပြီး ကုမ္ပဏီအုပ်စု၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေး လုပ်ငန်းအကြီးအကဲအဖြစ် ၂၀၁၂ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ Yoma Strategic ၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေး အကြီးအကဲအဖြစ် သူနောက်ဆုံးဖော်ထုတ်ခဲ့သော အိမ်ရာစီမံကိန်းမှာ တန်ဖိုးသင့် အိမ်ရာစီမံကိန်းကဏ္ဍကို တိုးချဲ့ခြင်း ဖြစ်ပါသည်။ သူသည် Yoma Strategic ၏ အလုပ်အမှုဆောင်မဟုတ်သည့် လွတ်လပ်သော ဒါရိုက်တာအဖြစ် ၂၀၁၉ မှ ၂၀၂၁ အထိ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သူသည် ၂၀၀၃ ခုနှစ်တွင် London School of Economics မှ စီးပွားရေးဘွဲ့နှင့် ၂၀၁၉ ခုနှစ်တွင် အမှုဆောင်စီးပွားရေး မဟာဘွဲ့ကို Kellogg-HKUST မှ ရရှိထားပါသည်။

### U Myo Myint Aung
**Financial Controller**

ဦးမျိုးမြင့်အောင် သည် လက်ရှိတွင် Memories Group ၏ Financial Controller အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ Memories Group တွင် တာဝန်မထမ်းဆောင်မီ သူသည် Myanmar Thilawa SEZ Holdings Public Co. Ltd (“MTSH”) ၏ Head of Finance အဖြစ်နှင့် MJT ၏ အမှုဆောင် အရာရှိချုပ်အဖြစ် MTSH နှင့် MJT ၏ ဘဏ္ဍာရေး နှင့် စာရင်းကိုင်လုပ်ငန်းများ၊ ဘတ်ဂျတ်ရေးဆွဲခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ အခွန်၊ ကော်ပိုရိတ် အစီရင်ခံခြင်း နှင့် လိုက်နာမှုဆိုင်ရာ လုပ်ငန်းစဉ်များကို တာဝန်ယူကြီးကြပ်ပါသည်။ သူသည် ဘဏ္ဍာရေးနှင့် စာရင်းကိုင် လုပ်ငန်းကဏ္ဍတွင် (၁၀) နှစ်ကြာ အတွေ့အကြုံရှိသူ ဖြစ်ပြီး Oxford Brookes University မှ Applied Accounting ဘာသာရပ်ဖြင့် ဘွဲ့ရရှိထားပါသည်။ ထို့အပြင် Institute of Singapore Chartered Accountants (“ISCA”) နှင့် Association of Chartered Certified Accountants (“ACCA”) တို့၏ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။

### U Yan Naing Soe
**Chief Commercial Officer**

ဦးရန်နိုင်စိုး သည် ပြည်တွင်းနှင့် ပြည်ပရှိ ရေကြောင်း၊ FMCG ၊ အိမ်ခြံမြေနှင့် ဖြန့်ချိရေး လုပ်ငန်းကဏ္ဍများတွင် ၁၄ နှစ်ကြာ လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံတွင် ကြီးပြင်းသူ တစ် ယောက်ဖြစ်ကာ စီးပွားရေးစီမံခန့်ခွဲရေး အထူးပြုဘာသာဖြင့် ဘွဲ့ရရှိထားပါသည်။ စင်္ကာပူရှိ Human Resource ဌာနတွင် စတင်လုပ်ကိုင်ရာမှ Singapore Human Resources Institute တွင် Human Capital Management ဘာသာရပ်ကို လေ့လာသင်ယူခဲ့ပါသည်။ စင်္ကာပူတွင် ၇ နှစ်ကြာ လုပ်ကိုင်ပြီးနောက် မြန်မာနိုင်ငံသို့ ၂၀၁၃ ခုနှစ်တွင် ပြန်ရောက်လာကာ Yoma Group တွင် စတင်လုပ်ကိုင်ခဲ့ပါသည်။ သူသည် Memories Group တွင် တာဝန်မထမ်းဆောင်မီ Yoma Group တွင် ခေါင်းဆောင်ပိုင်း ရာထူးအမျိုးမျိုးကို SPA ၊ Yoma Land နှင့် ရုံးချုပ် ရှိ Human Resource ဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

## FMIDECAUX

### Mr. Arnaud De Ruffray
**Managing Director**

Mr. Arnaud de Ruffray သည် FMIDecaux နှင့် ထိုင်းနိုင်ငံရှိ JCDecaux တို့၏ မန်နေးဂျင်းဒါရိုက်တာ ဖြစ်ပါသည်။ သူသည် JCDecaux တွင် ၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၌ Regional Project Manager အဖြစ် သူသည် အထင်ကရ စီမံကိန်း ဖြစ်သည့် Guangzhou Baiyun အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖော်ဆောင်ရေးတွင် ပါဝင်ခဲ့ပြီး အာရှစီမံကိန်းများ၏ ဒီဇိုင်းနှင့်တပ်ဆင်မှုဆိုင်ရာ ဘေးကင်းလုံခြုံရေး လုပ်ငန်းစဥ်အတွက် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် သူသည် FMIDecaux ၏ မန်နေးဂျင်းဒါရိုက်တာအဖြစ် တာဝန်ခန့်အပ်ခြင်း ခံရပါသည်။ သူသည် ပြင်သစ်နိုင်ငံရှိ École Polytechnique မှ ဘွဲ့ရရှိသူ လည်းဖြစ်ပါသည်။

# PERFORMANCE REVIEW

## *Seizing New Horizons*

*With a firm commitment to positioning itself for the future, FMI embarked on a journey to identify and seize new horizons. The Company explored emerging sectors, sought strategic partnerships, and embraced disruptive technologies. By diversifying its portfolio and expanding into promising industries, FMI unlocked new avenues for growth, laying the foundation for a more resilient and prosperous future.*

# Milestones

## YOMA BANK

- Expanded its customer reach by opening new branches in strategic locations, including Tachileik, to support trade in border areas.
- Introduced the FlexiPay MPU Credit Card and the Mastercard-MPU Co-brand Debit Card, to enrich its digital banking services.
- Set up over 4,000 YoWave accounts with Wave Money.

- နယ်စပ်ဒေသများရှိ ကုန်သွယ်ရေးလုပ်ငန်းများအား အထောက်အကူပြုနိုင်ရန် ဘဏ်ခွဲများကို တာချီလိတ် အပါအဝင် မဟာဗျူဟာမြောက် အချက်အချာမြို့များတွင် ဖွင့်လှစ်ခဲ့ခြင်းဖြင့် ဘဏ္ဍာရေး ဝန်ဆောင်မှုများ ကို တိုးချဲ့နိုင်ခဲ့ခြင်း။
- ဒစ်ဂျစ်တယ်ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့်နိုင်ရန် FlexiPay MPU credit card အပြင် Mastercard နှင့် MPU အမှတ်တံဆိပ်နှစ်မျိုး ပူးပေါင်းထားသည့် Debit Card များကို အများပြည်သူတို့ နှင့် မိတ်ဆက်ပေးခဲ့ခြင်း။
- Wave Money နှင့် ပူးပေါင်း၍ YoWave အကောင့်ပေါင်း ၄,၀၀၀ ကျော်ကို ဖွင့်လှစ်ပေးခဲ့ခြင်း။

## YOMA LAND

- Successfully sold off Estella Townhouses, the first of its kind in Myanmar.
- Won two prestigious awards at the Real Estate Asia Awards 2024, hosted by Charlton Media Group: Developer of the Year - Myanmar and Green Technology Initiative of the Year.

- မြန်မာနိုင်ငံရှိ ပထမဆုံးသော နေရောင်ခြည်စွမ်းအင်သုံး Townhouse ဖြစ်သည့် "Estella" စီမံကိန်းရှိ အိမ်ရာများကို အောင်မြင်စွာ ရောင်းချနိုင်ခဲ့ခြင်း။
- အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍအတွက် Charlton Media Group မှ ကျင်းပခဲ့သည့် Real Estate Asia Awards 2024 ဆုပေးပွဲတွင် "Developer of the Year – Myanmar" နှင့် "Green Technology Initiative of the Year" ဆုနှစ်ခုတို့ကို ရယူနိုင်ခဲ့ခြင်း။



## MEMORIES

- Achieved the reopening of the esteemed Governor's Residence, an iconic heritage hotel situated in the heart of downtown Yangon.
- Memories Events curated over 40 bespoke public events, concerts, and seminars, and attracted a diverse audience of over 4000 attendees.

- ရန်ကုန်မြို့လယ်ရှိ ရှေးဟောင်း အမွေအနှစ်အထင်ကရ ဟိုတယ်တစ်ခု ဖြစ်သည့် Governor's Residence ကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း။
- Memories Events မှ ပွဲလမ်းသဘင်များ၊ ဖျော်ဖြေပွဲများနှင့် နှီးနှောဖလှယ်ပွဲ အစရှိသည့် ပွဲပေါင်း ၄၀ ကျော်ကို စီစဉ်ပေးခဲ့ပြီး ပွဲတက်ရောက်သူပေါင်း ၄,၀၀၀ ကျော်ကို ဆွဲဆောင်နိုင်ခဲ့ခြင်း။

## PUN HLAING HOSPITALS

- Secured 3rd Joint Commission International (JCI) Accreditation May 2024.
- The Pun Hlaing Comprehensive Cancer Center (PHCCC) Project Construction has commenced, with Phase One set to open in 2026.
- A new Heal by Pun Hlaing Family Clinic Successfully opened added its 4th Clinic Phyapon, to its network of accessible healthcare services.

- ၂၀၂၄ ခုနှစ်၊ မေလတွင် နိုင်ငံတကာ ကျန်းမာရေးအဖွဲ့အစည်း တစ်ခုဖြစ်သည့် Joint Commission International (JCI) ၏ အသိအမှတ်ပြုမှုကို တတိယအကြိမ်အဖြစ် ရရှိခဲ့ခြင်း။
- ပန်းလှိုင်ဆေးရုံ၏ ကင်ဆာကုသရေးစင်တာ (PHCCC) ဆောက်လုပ်ရေးကို စတင်ခဲ့ပြီး ထိုစီမံကိန်း၏ ပထမအဆင့် ကို ၂၀၂၆ ခုနှစ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားခြင်း။
- ပန်းလှိုင်မိသားစုဆေးခန်း (Heal by Pun Hlaing Family Clinic) ၏ ၄ ခုမြောက် ဆေးခန်းကို ဖျာပုံမြို့တွင် အောင်မြင်စွာ ဖွင့်လှစ်ခဲ့ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို အများပြည်သူမှ ပိုမိုလက်လှမ်းမီလာနိုင်စေရန်ကွန်ရက်ကို ချဲ့ထွင်နိုင်ခဲ့ခြင်း။

# Group Financial Snapshot

## MMK. 499.1 Bn

### 12-MONTH REVENUE

12-month revenue was primarily attributed by revenue growth in Financial and Healthcare Segments.

## 40.6 %

### GROSS PROFIT MARGIN

Generated higher GP margin mainly from Financial Services' revenue contribution outweighed its growing cost of fund.

## MMK. 58.1 Bn

### NET PROFIT FOR THE YEAR

Achieved as a result of Financial Services, Healthcare Services and Real Estate segment performance.

## MMK. 51.6 Bn

### NET PROFIT ATTRIBUTABLE TO EQUITY HOLDERS

Delivered profits to shareholders while Group businesses being prudent and vigilant.

### FINANCIAL PERFORMANCE SUMMARY

| | FY 2024* | FY 2023** | % Change |
|---|---|---|---|
| **Statement of Income (MMK '000)** | **Audited** | **Audited** | |
| Revenue | 499,115,107 | 339,593,407 | 47.0% |
| Gross Profit | 202,592,145 | 119,734,442 | 69.2% |
| Net Profit | 58,071,099 | 4,133,004 | 1305.1% |
| Total Comprehensive Income | 60,555,677 | 15,208,546 | 298.2% |
| Net Profit attributable to Equity Holders | 51,594,226 | (701,769) | 7452.0% |
| Basic earnings/(loss) per share (MMK) | 1558 | (21) | 7519.0% |
| **Statement of Financial Position (MMK '000)** | **As at 31-Mar-2024** | **As at 31-Mar-2023** | **% Change** |
| Total Assets | 5,474,162,709 | 4,186,260,866 | 30.8% |
| Total Liabilities | 4,876,723,202 | 3,674,322,104 | (32.7%) |
| Total Equity | 597,439,507 | 511,938,762 | 16.7% |
| Net Asset value per share (MMK)*** | 14,435*** | 12,370*** | 16.7% |
| **Financial Indicators** | | | |
| Gross Profit Margin (%) | 40.6 % | 35.3 % | 15.0% |
| Net Profit Margin (%) | 11.6 % | 1.2 % | 866.7% |
| Net Gearing (%) | 20.0 % | 24.1 % | 17.0% |

* *Audited financial report covering the financial year FY 2024 (1 Apr'23 to 31 Mar'24).*

** *Audited financial report covering the financial year FY 2023 (1 Apr'22 to 31 Mar'23).*

*** *Net Asset Value Per Share is calculated by dividing the total net asset value of the Company by the number of outstanding shares (inclusive of convertible shares under Restructured Loan Agreement)*

## REVENUE




## SOURCES OF INCOME




## GROSS PROFIT AND NET PROFIT MARGIN




## CORE OPERATIONG EBITDA




## EARNINGS PER SHARE




## NET ASSET VALUE PER SHARE




* *FY Sep 2019 is the reporting period of six months between 1 April 2019 to 30 September 2019.*

* *FY 2022 is the reporting period of six months between 1 Oct 2021 to 31 March 2022.*

** *Dividend Income and Rental Income collectively made up less than 1% of total sources of income.*

# FMI GROUP'S OVERVIEW

The Group is proactively managing its operating businesses and performing well ahead of the comparative year FY2023 amidst increasingly challenging operating conditions remain. The Group's total revenue was boosted by 47.0%, particularly from the revenue contribution from financial services amounting to MMK 422.0 Bn driven by the enhancement in interest income and non-funded income sources compared with last year from expansion of its customer reach beyond branches and improvement in accessibility for banking services. The healthcare services also contributed MMK 77.0 Bn from its core organic revenue generation from clinical and ancillary services in additional with offer of medical check-ups packages and introduction of "HEAL APP" which assists in providing medical information, speeding up booking and payment process via online platform resulted massive customers engagement.

The Group gross profit was improved by 69.2%, which was mainly from Yoma Bank due to higher revenue on increased loan disbursements and other banking services which outweighed higher deposit yield reported from Yoma Bank whereas the Hospitals' gross profit margin was broadly flat year to year.

Under today business landscape, the Group's total administrative expenses went up by 45.5% compared against previous year, mainly due to increase in general operational costs across all segments and the recognition of additional reserve for general loan loss provision at Yoma Bank as per CBM guideline.

The Group's net profit surpassed significantly in FY 2024 amounting to MMK 58.1 Bn compared against last year FY2023 profit of MMK 4.1 Bn. Higher share of profit from associates driven by Real Estate Segment and above-mentioned reasons attributed this net profit growth over the year.

The Group's total assets increased by 30.8% to MMK 5.5 Tn mainly due to the increase in the bank's loan portfolio of Yoma Bank. Meanwhile, the total liabilities of the Group increased by 32.7% to MMK 4.9 Tn regarding the rising customer deposits through its popular products, principally Flexi products and Super Fixed Deposit.

The Group's equity also increased by 16.7%, the majority attributable to the favorable financial performance and profits are not distributed in favor for strategic growth of the Group.

## ဘဏ္ဍာရေးသုံးသပ်ချက်

စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများ ရှိနေသော်လည်း ကုမ္ပဏီအုပ်စုသည် လုပ်ငန်းလည်ပတ်မှုများကို ကောင်းမွန်စွာတည်ဆောက်နေပြီး ၂၀၂၃ ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် ပိုမိုကောင်းမွန်သော လုပ်ငန်းရလဒ်များကို ရရှိနေပါသည်။ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီအုပ်စု၏ စုစုပေါင်းဝင်ငွေသည် ၄၇.၀ % အထိ တိုးမြင့်လာခဲ့ပြီး ထိုသို့ တိုးမြင့်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ကုမ္ပဏီ၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်မှ ဝင်ငွေ ကျပ် ၄၂၂.၀ ဘီလီယံ ရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ရိုးမဘဏ်သည် ဘဏ္ဍာရေးဝန်ဆောင်မှုနယ်ပယ်တွင် ပိုမိုကောင်းမွန်၍ လက်လှမ်းမီသော ဘဏ္ဍာရေးဝန်ဆောင်မှုများကို တိုးချဲ့လုပ်ဆောင်ခဲ့သောကြောင့် ဘဏ်ချေးငွေကဏ္ဍမှ ချေးငွေအမျိုးမျိုးတို့အပေါ် အတိုးမှရရှိသောဝင်ငွေနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ ရရှိသောဝင်ငွေများသည် ၂၀၂၃ ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်လျှင် ပိုမိုတိုးမြင့်လာခဲ့ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည်လည်း ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၎င်း၏ ပင်မဝန်ဆောင်မှုဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ၊ ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ နှင့် online မှ တဆင့် ကျန်းမာရေးဝန်ဆောင်မှုပေးသော "Heal App" တို့မှ ဝင်ငွေ ကျပ် ၇၇.၀ ဘီလီယံ အထိ ရရှိခဲ့ပါသည်။ ထို "Heal App" တွင် ဝန်ဆောင်မှုသုံးစွဲသူများအနေဖြင့် လိုအပ်သည့် ဆေးဘက်ဆိုင်ရာ အချက်အလက်များကို online မှ အလွယ်တကူကြည့်ရှုနိုင်သည့်အပြင် ဆရာဝန်များနှင့် ပြသနိုင်ရန်အတွက် ပိုမိုလွယ်ကူမြန်ဆန်စေရန် ကြိုတင်စာရင်းပေးခြင်း နှင့် ငွေပေးချေမှု နည်းစနစ်တို့ကို ကောင်းမွန်စွာ အကောင်အထည်ဖော်ခဲ့သဖြင့် သုံးစွဲသူများ ပိုမိုများပြားလာခဲ့ကာ ပြီးပြည့်စုံသော ဝန်ဆောင်မှုများကို ပေးဆောင်နိုင်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ အကြမ်းအမြတ်သည် ၂၀၂၃ ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၆၉.၂ % သို့တိုးမြင့်လာခဲ့ပြီး ထိုသို့ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ ပိုမိုများပြားလာသော ဘဏ်ချေးငွေကဏ္ဍမှ ချေးငွေအမျိုးမျိုးတို့အပေါ် အတိုးမှရရှိသောဝင်ငွေနှင့် အခြားဘဏ်ဝန်ဆောင်မှုများမှ ရရှိသော ဝင်ငွေများသည် ဘဏ်တွင် သုံးစွဲသူများ၏အပ်နှံထားသော ငွေများအတွက်ပေးရသော အတိုးကုန်ကျစရိတ်များထက် ပိုမိုတိုးမြင့်လာခြင်းကြောင့် ဖြစ်ပါသည်။ သို့သော် ပန်းလှိုင်ဆေးရုံ၏ ဝင်ငွေပေါ်တွက်ချက်သောအကြမ်းအမြတ်ရာခိုင်နှုန်းသည် ယခင်ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲမှု အနည်းငယ်သာရှိခဲ့ပါသည်။

လက်ရှိဈေးကွက်စီးပွားရေးအတွင်း ကုမ္ပဏီအုပ်စု၏ စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်သည် ယခင်ဘဏ္ဍာရေးနှစ် နှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၄၅.၅ % သို့ တိုးမြင့်လာခဲ့သည်။ ထိုသို့ မြင့်တက်ခဲ့ရသည့် အဓိက အကြောင်းအရင်းမှာ လုပ်ငန်းစုအတွင်း ကုမ္ပဏီများ၏ လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များ တိုးမြင့်လာခြင်း နှင့် ရိုးမဘဏ်၏တိုးမြင့်လာသော ချေးငွေအမျိုးမျိုးအပေါ် အထွေထွေချေးငွေဆုံးရှုံးမှုလျာထားချက် ဖြစ်သော အရံငွေပမာဏကို ဗဟိုဘဏ်၏ ညွှန်ကြားချက်နှင့်အညီ လျာထားခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အသားတင်အမြတ်ငွေသည် ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄.၁ ဘီလီယံ မှ ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အမြတ်ငွေ ကျပ် ၅၈.၁ ဘီလီယံအထိ သိသိသာသာ တိုးမြင့်လာခဲ့ပါသည်။ ထိုသို့ အသားတင်အမြတ်ငွေ တိုးမြင့်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ အထက်တွင် ဖော်ပြထားသော အကြောင်းအရာများနှင့် ကုမ္ပဏီအုပ်စု၏ အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍမှ အချိုးကျရရှိသည့် အမြတ်ငွေများ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း ရပိုင်ခွင့်များသည် ကျပ် ၅.၅ ထရီလီယံရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၀.၈ % တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ ချေးငွေကဏ္ဍ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။ ထို့အတူ ကုမ္ပဏီအုပ်စု၏စုစုပေါင်းပေးရန်တာဝန်သည် ကျပ် ၄.၉ ထရီလီယံ အထိ မြင့်တက်လာပြီး ရာခိုင်နှုန်းအားဖြင့် ၃၂.၇ % သို့တိုးမြင့်လာခဲ့ပါသည်။ ထိုသို့ တိုးမြင့်လာရသည့် အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်၏ သုံးစွဲသူများအကြား ပိုမိုကျယ်ပြန့်နေသော Flexi products နှင့် Super Fixed Deposit တို့တွင် customer များမှ ထပ်တိုး အပ်နှံငွေ များ မြင့်တက်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေသည်လည်း ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ၁၆.၇ % အထိ တိုးမြင့်လာခဲ့ပြီး ထိုသို့ တိုးမြင့်လာရသည့် အဓိကအကြောင်းအရင်းမှာ ဘဏ္ဍာရေးအကျိုးအမြတ်များရရှိခြင်းနှင့် ယင်းတို့ကို ကုမ္ပဏီအုပ်စု မဟာဗျူဟာကျ ကြီးထွားနိုင်ရေးအတွက် ခွဲဝေခြင်းမပြုခြင်းတို့ကြောင့် ဖြစ်ပါသည်။

# Financial Services




**COMMITTED TO SUPPORT CUSTOMERS' BUSINESS GROWTH THROUGH INNOVATIVE BANKING SOLUTIONS AND IMPROVED SERVICE OFFERINGS**

Yoma Bank demonstrated remarkable resilience, continuing to provide better financial services for the people of Myanmar, with a particular focus on supporting Micro, Small and Medium Enterprises (MSMEs) in the financial year 2023-2024. The Bank strives to support its customers with crucial access to credit and financial resources necessary for their business growth by leveraging innovative banking solutions and expanding its range of services. Initiatives such as the Yoma Bank Next App and specialised MSME loan products have significantly improved financial inclusion and service delivery, showcasing the Bank's commitment to fostering economic development in Myanmar.

## PROMOTING DIGITAL CHANNELS

Yoma Bank unveiled its new mobile banking application, Next App in March 2024. The app offers more convenient services and novel digital banking features for the customers including self-activation, QR payments, loan application, card management, and interbank transfer. In addition, the Bank reintroduced the Business Banking Portal, enhancing access to digital banking services for corporate customers.

## GROW TOGETHER BIZPITCH PROGRAM

As part of its 30th Anniversary celebrations, the Bank launched "Grow Together BizPitch" program in October 2023 to support and provide financing to MSMEs, demonstrating its dedication as a reliable business partner within the local business community. A total of 644 applications were received from entrepreneurs seeking opportunities to advance their ventures. The Program concluded successfully with the selection of 4 winners from various sectors, including agriculture, local handmade crafts, and local food products in March 2024. Yoma Bank is committed to supporting the winners beyond financing throughout their business ventures in the future.

## INSURANCE PARTNERSHIPS

Yoma Bank and Prudential Myanmar marked a significant milestone in bancassurance partnership, commemorating 3 years of collaboration established since January 2021. The Bank remains steadfast in providing customers access to a diverse range of insurance and financial protection products and this strategic partnership stands as a cornerstone, boasting one of the most extensive bancassurance portfolios in Myanmar. Moreover, the Bank expanded its strategic partnership by collaborating with GGI Tokio Marine (GGITM) to serve as a corporate general insurance agent to provide comprehensive and customised insurance solutions to collateral loan customers across its entire branch network. This partnership enhances trust and credibility while effectively mitigating risk exposures for customers.

# POS Terminal
## Merchant Payments



# ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုကဏ္ဍ




YOMA BANK

**တီထွင်ဆန်းသစ်ပြီး ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများဖြင့် သုံးစွဲသူ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက် ရှိပါသည်။**

ရိုးမဘဏ်သည် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် စိန်ခေါ်မှုများအကြား ခံနိုင်ရည်ရှိစွာဖြင့် မြန်မာပြည်သူများကို ပိုမိုကောင်းမွန်သော ဘဏ်ဝန်ဆောင်မှုများဖြင့် ဆက်လက် ဝန်ဆောင်မှုပေးခဲ့ပါသည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) များကို ကူညီပံ့ပိုးပေးခဲ့ပါသည်။ တီထွင်ဆန်းသစ်သော ဘဏ်လုပ်ငန်းဆိုင်ရာ ဖြေရှင်းချက်များနှင့် ပိုမိုကျယ်ပြန့်ကောင်းမွန်သော ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများဖြင့် သုံးစွဲသူလုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်ရန် အစဉ်ကြိုးပမ်းလျက် ရှိပါသည်။

Yoma Bank Next App နှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) အတွက် အထူးစီမံထားသည့် ချေးငွေဆိုင်ရာ ဝန်ဆောင်မှုများကြောင့် ငွေကြေးဝန်ဆောင်မှုများကို ပိုမို လက်လှမ်းမီလာစေပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းနေသည့် ရိုးမဘဏ်၏ ကြိုးစားအားထုတ်မှုကို ပေါ်လွင်စေပါသည်။

## Promoting Digital Channels

ရိုးမဘဏ်သည် မိုဘိုင်းလ် ဘဏ်ဝန်ဆောင်မှု အက်ပလီကေးရှင်းအသစ်ဖြစ်သည့် Next App ကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် မိတ်ဆက်ခဲ့ပါသည်။ ထို app တွင် သုံးစွဲသူများအတွက် ပိုမိုအဆင်ပြေစေရန် အက်ပလီကေးရှင်းမှတစ်ဆင့် အကောင့်ကို အသုံးပြုနိုင်အောင် လုပ်ဆောင်နိုင်ခြင်း၊ QR စနစ်ဖြင့် ငွေပေးချေနိုင်ခြင်း၊ ချေးငွေလျှောက်ထားခြင်း၊ ဘဏ်ကတ် စီမံခန့်ခွဲခြင်းများနှင့် ဘဏ်အချင်းချင်း ငွေလွှဲပြောင်းခြင်း စသည့်ဝန်ဆောင်မှုအသစ်များ

ပါဝင်ပါသည်။ ထို့အပြင် Business Banking Portal ကို ပြန်လည်စတင်ခဲ့ခြင်းဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုကို မြှင့်တင်နိုင်ခဲ့ပါသည်။

## Grow Together BizPitch Program

ရိုးမဘဏ်၏ နှစ် ၃၀ ပြည့် အထိမ်းအမှတ်အနေဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ (MSMEs) အတွက် ဘဏ္ဍာရေး ထောက်ပံ့မှုများ ပြုလုပ်ပေးလိုသည့် ရည်မှန်းချက်ဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် “Grow Together BizPitch” အစီအစဉ်ကို စတင်ခဲ့သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ရိုးမဘဏ်သည် ဒေသခံ စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းတွင် ယုံကြည်စိတ်ချရသော မိတ်ဖက်တစ်ဦးအဖြစ် ရပ်တည်နေသည်ကို သိရှိနိုင်ပါသည်။ ထိုအစီအစဉ်တွင် စီးပွားရေး အခွင့်အလမ်းများရှာဖွေနေသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ လျှောက်ထားမှုပေါင်း ဖ၄၄ ခုကို လက်ခံရရှိခဲ့ပါသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့ရိုးရာ လက်မှုပညာလုပ်ငန်းနှင့် ဒေသထွက် စားသောက်ကုန်ထုတ် လုပ်ငန်းအပါအဝင် လုပ်ငန်းကဏ္ဍအသီးသီးမှ အနိုင်ရရှိသူ ၄ ဦးကို ၂၀၂၄ ခုနှစ်၊ မတ်လတွင် အောင်မြင်စွာ ရွေးချယ်နိုင်ခဲ့ပါသည်။ ရိုးမဘဏ်သည် ထို အနိုင်ရရှိသူ ၄ ဦး၏ အနာဂတ်စီးပွားရေး ခရီးလမ်းတွင် ငွေကြေးထောက်ပံ့မှုသာမက အခြားသော ပံ့ပိုးမှုများကိုပါ ဆောင်ရွက်သွားမှာ ဖြစ်ပါသည်။



## Insurance Partnerships

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ပူးပေါင်းဆောင်ရွက်ခဲ့သော ရိုးမဘဏ် နှင့် Prudential Myanmar တို့၏ ၃ နှစ်ကြာ ဘဏ်အာမခံလုပ်ငန်း (Bancassurance) အတွက် ပူးပေါင်းဆောင်ရွက်မှုအတွက် မှတ်တိုင်တစ်ခုသို့ ရောက်ရှိခဲ့ပါသည်။ ရိုးမဘဏ်နှင့် Prudential Myanmar ၏ မဟာဗျူဟာကျ ပူးပေါင်းဆောင်ရွက်မှုကြောင့် ငွေကြေးကာကွယ်ရေးဆိုင်ရာ အာမခံ ထုတ်ကုန်များအပြင် အခြားအာမခံ ထုတ်ကုန်အမျိုးမျိုးကို ဘဏ်၏ သုံးစွဲသူများအား ပို၍လက်လှမ်းမီလာသဖြင့် မြန်မာနိုင်ငံ၏ အကျယ်ပြန့်ဆုံးသော ဘဏ်အာမခံလုပ်ငန်းများ (Bancassurance Portfolios) အများဆုံး ရရှိနိုင်သည့် ဘဏ်များအနက် တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ ထို့အပြင် ရိုးမဘဏ်သည် ဘဏ်ခွဲကွန်ရက်အနှံ့ရှိ အပေါင်ပစ္စည်းဖြင့် ချေးငွေရယူသည့် သုံးစွဲသူများအတွက် ပြီးပြည့်စုံသည့် အာမခံ ဖြေရှင်းချက်များကို ပေးစွမ်းနိုင်ရန် GGI Tolio Marine (GGITM) နှင့် ပူပေါင်းဆောင်ရွက်၍ ကုမ္ပဏီများအတွက် အထွေထွေ အာမခံထုတ်ကုန် ကိုယ်စားလှယ် အဖြစ် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ဤ မိတ်ဖက်မှုကြောင့် သုံးစွဲသူများအတွက် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့ချနိုင်ခဲ့သဖြင့် ဘဏ်အပေါ် အများပြည်သူ၏ ယုံကြည်စိတ်ချမှုကို မြှင့်တင်နိုင်ခဲ့ပါသည်။



# Healthcare




**PUN HLAING HOSPITALS IS DEDICATED TO YOUR WELL-BEING, PROVIDING A PLATFORM FOR A SMART HEALTH COMMUNITY**

Despite various challenges across Myanmar, PHH has demonstrated resilience and consistent growth. Our focus remains on enhancing service quality and expanding service capacity through technological advancements, capacity building, and the recruitment of top specialists.

## DIGITAL TRANSFORMATION

The public Launch of Heal by Pun Hlaing Application marks a pioneering digital health initiative, the first of its kind in Myanmar. This app enhances patient engagement and healthcare management and now boasts 60,000 users. The Heal by Pun Hlaing application, a cornerstone of our digital care offerings, is pivotal in advancing our mission to provide accessible and affordable healthcare.

The Heal App team focuses on collaborating with the operations team and implementing branding and communication strategies and paperless project, positioning the app as a key tool within hospital operations. We are also integrating with our medical record systems and Heal application to provide seamless patient care.

## PLATFORM FOR SMART HEALTH COMMUNITY AND TO PROMOTE WELL-BEING

PHH continues to lead, as the only private hospital in Myanmar offering Renal Transplant Program, underscoring our dedication to comprehensive healthcare. Emerging Health vertical has also introduced Homecare services, offering personalised home care solutions tailored to meet our patient needs, from elderly care to specialised medical support. Affordable Hemodialysis package and Maternity packages have been introduced across the country, enabling lower income families to access affordable quality healthcare. Through affordable medical checkup programs, PHH successfully provided early diagnosis accessible

to 20,000 members of lower middle-income families over an 18-day period, showcasing our commitment to scale and impact. PHH ensures vital health services remained accessible and affordable to the community while fully utilising our resources. The Child Health and Development Clinic ("CHDC") is now available in all Pun Hlaing Hospitals starting from 2024, with a promotion plan for Taunggyi Hospital to be launched via social media in May 2024.

## STAFF DEVELOPMENT

Our commitment extends to our staff, with over 400 employees benefiting from the Staff Competency Development Fund. This program supports the professional growth and academic advancement of our healthcare professionals, ensuring our community has access to the safe patient care system that meets international standard through continuous professional development and exposure to up-to-date and relevant technologies. These initiatives reflect PHH's dedication to supporting the well-being of the community.




## OUR PURPOSE

Looking ahead, PHH remains steadfast in our core values of delivering high-quality, affordable healthcare services. With the upcoming addition of a comprehensive cancer facility at our flagship Yangon Hospital, Pun Hlaing Hospital (Hlaing Thar Yar) is poised to become the premier healthcare destination in Myanmar, offering a viable alternative to seeking advanced care abroad. We are committed to enhancing healthcare accessibility and quality, making a lasting impact on the health of our nation.

### 3 Pun Hlaing Hospitals

(Hlaing Tharyar-Yangon, Chan Aye Tharzan-Mandalay and Thit Taw Quarter-Taunggyi)

### 2 Medical Towers

(Taw Win-Yangon and North Dagon-Yangon),

### 4 Primary Clinics

(Sanchaung-Yangon, StarCity-Yangon, Thingangyun-Yangon and Phyapon-Ayeyarwady),

### 1 Histopathology Lab

(Thingangyun-Yangon), and a laboratory chain, reaching over 1,000 patients daily across a potential community of three million people.

### 2 Aesthetic Clinics

(Sanchaung-Yangon and StarCity-Yangon)



# ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ




ပန်းလှိုင်ဆေးရုံသည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးပြီးလူ့အဖွဲ့အစည်း အတွက် ခေတ်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု ပလက်ဖောင်းဖြင့် ဝန်ဆောင်မှုပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတစ်ဝှမ်း စိန်ခေါ်မှုအမျိုးမျိုးများအကြား ပန်းလှိုင်ဆေးရုံ (“PHH”) သည် ခံနိုင်ရည်ရှိမှုနှင့် စဉ်ဆက်မပြတ် တိုးတက်မှုတို့ကို ပြသနိုင်ခဲ့ပါသည်။ PHHသည် နည်းပညာဆိုင်ရာ တိုးတက်မှုများ၊ စွမ်းရည်မြှင့်တင်ခြင်း၊ ထိပ်တန်းကျွမ်းကျင် အထူးကုများကို ခေါ်ယူစုဆောင်းခြင်းနှင့် ဝန်ဆောင်မှုတိုးချဲ့ခြင်း တို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

## Digital Transformation

မြန်မာနိုင်ငံ၏ ပထမဆုံးသော ကျန်းမာရေးဆိုင်ရာ အက်ပလီကေးရှင်း တစ်ခုဖြစ်သည့် “Heal by Pun Hlaing”ကို ပန်းလှိုင်ဆေးရုံမှ မိတ်ဆက်ပေးခဲ့ပါသည်။ သုံးစွဲသူပေါင်း ၆၀,၀၀၀ ကျော်ရှိပြီဖြစ်သည့် အဆိုပါ အက်ပလီကေးရှင်းသည် လူနာများနှင့် ချိတ်ဆက်ပေးနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုကောင်းမွန်စွာ လူတိုင်းတတ်နိုင်ပြီး အလွယ်တကူ လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးဆောင်နိုင်ရန်ဟူသည့် ပန်းလှိုင်ဆေးရုံ၏ ရည်မှန်းချက်ကို ဒစ်ဂျစ်တယ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံအုတ် မြစ်ဖြစ်သည့် Heal by Pun Hlaing အက်ပလီကေးရှင်းမှ များစွာအထောက်အကူ ဖြစ်စေပါသည်။

Heal app သည် ဆေးရုံ၏ လုပ်ငန်းလည်ပတ်ရေး အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ အမှတ်တံဆိပ်နှင့် ပြန်ကြားရေးဆိုင်ရာ နည်းဗျူဟာများကို အကောင်အထည် ဖော်ခြင်းများအပြင် စက္ကူမဲ့ (paperless) စီမံကိန်းကိုပါ အကောင် အထည်ဖော်လျက်ရှိသဖြင့် Heal App သည် ဆေးရုံ၏ လုပ်ငန်းလည်ပတ်မှု စနစ်တွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့အပြင် လူနာများအား လွယ်ကူမြန်ဆန်သော ကျန်းမာရေး ဝန်ဆောင်မှု ပေးအပ်နိုင်ရန် Heal App တွင် ဆေးမှတ်တမ်းစနစ်ကိုပါ ထည့်သွင်းသွားရန် လုပ်ဆောင်လျက်ရှိပါသည်။

PHH သည် မြန်မာနိုင်ငံတွင်ကျောက်ကပ်အစားထိုးကုသမှုကို လုပ်ဆောင်နိုင်သည့် တစ်ခုတည်းသော ပုဂ္ဂလိကပိုင်ဆေးရုံဖြစ်သည့် အလျောက် ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုကို ပေးစွမ်းနိုင်ရန်အတွက်ကို ဦးတည်



ဆောင်ရွက်လျက် ရှိပါသည်။ ဆေးရုံ၏ Emerging Health Vertical (“EH”) မှလည်း သက်ကြီးရွယ်အိုများအပြင် အခြားဆေးဘက်ဆိုင်ရာ ပံ့ပိုးမှုများကို လိုအပ်နေသူများအတွက် အိမ်တိုင်ရာရောက် ကုသမှုစနစ်ကို စတင်ခဲ့ပါသည်။ ထို့အပြင် ဝင်ငွေနည်းသည့် အိမ် ထောင်စုများအနေဖြင့် အရည်အသွေးပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လက် လှမ်းမီနိုင်စေရန် ဈေးနှုန်းသက်သာစွာ လုပ် ဆောင်နိုင်မည့် ကျောက်ကပ်ဆေးခြင်း (hemodialysis) နှင့် သားဖွားမီးယပ် (maternity) ဝန်ဆောင်မှုများကို နိုင်ငံတစ်ဝန်းတွင် မိတ်ဆက်ပေးခဲ့ပါသည်။ ထို့အပြင် PHH သည် ဈေးနှုန်းသင့်တင့်သော ဆေးစစ်မှု အစီအစဥ်များ (Medical Checkup Program) မှတဆင့် ၁၈ ရက်အတွင်း အလယ်အလတ်ဝင်ငွေနှုန်းထားထက် ပိုမိုနည်းပါးသည့် မိသားစုဝင်ပေါင်း ၂၀,၀၀၀ အတွက် ရောဂါရှာဖွေခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ခဲ့သည်ကို ကြည့်ခြင်းဖြင့် PHH ၏ စွမ်းဆောင်ရည်ကို သိရှိနိုင်ပါသည်။ PHH သည် မိမိတို့၏ စွမ်းအင်အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချပြီးအရေးကြီးသော ကျန်းမာရေးဝန်ဆောင်မှုများကို လူ့အဖွဲ့အစည်းမှ လက်လှမ်းမီနိုင်စေရန် ဆောင်ရွက်ပေးသွားမှာဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်မှစ၍ ကလေးကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆေးခန်း (Child Health and Development Clinic - CHDC) ကို PHH တိုင်းတွင် ထားရှိထားပါသည်။ မကြာမီ တောင်ကြီးဆေးရုံတွင်လည်း ပရိမိုးရှင်းများကို ပြုလုပ်သွားမှာဖြစ်ပြီး အသေးစိတ်အချက်အလက်များကို လူမှုကွန်ရက်မှတဆင့် အသိပေးသွားပါမည်။

## ဝန်ထမ်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ်

PHH သည် လူနာများအတွက်သာမက ဝန်ထမ်းများ၏ အကျိုးအတွက်ပါ ရှေးရှုဆောင်ရွက်ပေးပါသည်။ ဝန်ထမ်းစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရန်ပုံငွေဖြင့် ဝန်ထမ်းအယောက် ၄၀၀ ကျော်မှ လိုအပ်သည့် အကျိုးခံစားခွင့်များကို ရရှိခဲ့ကြပါသည်။ လူ့အဖွဲ့အစည်းတွင် နိုင်ငံ တကာအဆင့်မီ နောက်ဆုံးပေါ် နည်းပညာများကို အသုံးပြုထားပြီး အရည်အသွေး ပြည့်မီသည့် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်စေရန် အဆိုပါ ရန်ပုံငွေ အစီ အစဥ်ဖြင့် ကျန်းမာရေးဝန်ထမ်းများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ တိုးတက်မှုနှင့် ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်မှုတို့ကို အဓိကထား ပံ့ပိုးပေးနေခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ လုပ် ဆောင်ချက်များကို ကြည့်ခြင်းဖြင့် လူ့အဖွဲ့အစည်းအတွက် PHH ၏ ကြိုးစားအားထုတ်မှုကို သိရှိနိုင်ပါသည်။

## PHH ၏ ရည်မှန်းချက်

လာမည့်နှစ်များတွင် PHH သည် အများပြည်သူအတွက် အရည်အသွေးမြင့်ပြီး ဈေးနှုန်းသင့်တင့်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများ ပေးစွမ်းနိုင်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ PHH ၏ အထင်ကရ ရန်ကုန် ပန်းလှိုင်ဆေးရုံတွင် မကြာမီတွင် ဖွင့်လှစ်မည့် ကင်ဆာရောဂါကုသရေးဆေးခန်းကို ထပ်မံထည့်သွင်းလိုက်ခြင်းကြောင့် PHH သည် မြန်မာနိုင်ငံတွင် ထိပ်တန်းကျန်း မာရေးဝန်ဆောင်မှု ပေးသည့်နေရာဖြစ်လာနိုင်မည်မှာ မလွဲမသွေဖြစ်ပါသည်။ ထို့အပြင် PHH သည် နိုင်ငံရပ်ခြားသို့ သွားရောက်ကုသလိုသော လူနာများအတွက် ပြည်တွင်း ရွေးချယ်စရာတစ်ခုအနေဖြင့် ရပ်တည်လာနိုင်မည် ဖြစ်သည်။ PHH သည် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများ၏ အရည်အသွေး မြင့်တက်လာအောင်နှင့် ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီလာအောင် လုပ်ဆောင်ရင်း ရေရှည်တွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက် ကောင်းမွန်လာအောင် လုပ်ဆောင်သွားရန် ကတိပြုပါသည်။

### ပန်းလှိုင်ဆေးရုံ ၃ ခု

(လှိုင်သာယာ - ရန်ကုန်၊ ချမ်းအေးသာဇံ - မန္တလေးနှင့် သစ်တော်ရပ်ကွက် - တောင်ကြီး)၊

### Medical တာဝါ ၂ ခု

(တော်ဝင် - ရန်ကုန် နှင့် မြောက်ဒဂုံ - ရန်ကုန်)

### ပန်းလှိုင်ဆေးခန်း ၄ ခု

(စမ်းချောင်း - ရန်ကုန် ၊ StarCity - ရန်ကုန် ၊ သဃ်န်းကျွန်း - ရန်ကုန် နှင့် ဖျာပုံ - ဧရာဝတီ)

### အသားမျှင်ရောဂါဗေဒ

“histopathology” ဓာတ်ခွဲခန်း ၁ ခု (သဃ်န်းကျွန်း - ရန်ကုန်) ရှိ ဓာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်း ကွန်ရက်တစ်ခု ပါဝင်ပြီး လူ ၃ သန်းခန့်ရှိသည့် လူ့အဖွဲ့အစည်းအတွင်းမှ လူနာပေါင်း ၁,၀၀၀ ကို ဝန်ဆောင်မှုပေးလျက်ရှိ

### အလှအပဆိုင်ရာဆေးခန်း ၂ ခု

(စမ်းချောင်း - ရန်ကုန် နှင့် StarCity - ရန်ကုန်)

# Real Estate




## BUILDING BETTER COMMUNITIES FOR THE FUTURE OF MYANMAR

YOMA LAND

Yoma Land is the leading developer in Myanmar, focusing on township projects with the mission of Building Better Communities for the Future of Myanmar. Transforming Yangon's cityscape across the three strategically located flagship developments: StarCity Estate, Padauk Garden Development, and Pun Hlaing Estate. From aspirational urban residential developments to high-end luxury, Yoma Land aims to build communities that are attractive, safe, vibrant with well-rounded facilities and amenities, while emphasising innovative designs, building standards, and product range.

### STARCITY

StarCity Estate offers its residents with a diverse range of products with impeccable design and layout, providing more time and peace of mind to enjoy The Good Life. In March 2023, City Loft launched its 10th Tower (CL10), followed by the final $11^{th}$ Tower (CL11) in July 2023. Each tower features 140 units, highlighting the strong demand for modern urban living in Yangon. By the end of 2023, all units in the City Loft project were completely sold out.

Below are our most recent projects;

### City Villa

Recognising the increasing interest in landed properties, StarCity introduced the City Villa project in August 2022, consisting of 130 villas. In response to the sudden surge in community demand, StarCity launched the City Villa Extension (Phase x) in January 2023. Both phases of this project totaling 207 villas, were also sold by the end of August 2023.





### Estella Townhouses

Building on the success of City Villa sales and addressing the electricity needs within the market, StarCity introduced Estella Townhouses: Myanmar's first solar-powered townhouses, integrated with batteries and inverters. Launched in October 2023, Estella embraces a modern, eco-friendly lifestyle that seamlessly blends style and sustainability. The project was a remarkable success, with 527 units sold within just two hours of the official launch.

### Ara

The management team works relentlessly on introducing new projects into the market by launching "Ara". Our concept revolves around creating spaces that seamlessly blend functionality, style, nature, and community. At "Ara," we believe in the power of sharing– sharing space, sharing time, and sharing value with our neighbours. This new low-rise housing compound, Ara, features 18 individual units, including studios, 1-bedroom, 2-bedroom, 3-bedroom, and townhouse options on a 6,400 sq.ft plot. Ara has quickly proven popular, especially among younger buyers, with over 370 units sold during the first weekend of its launch in March 2024.

### CITY LOFT WEST

In May 2023, Yoma Land launched Phase 1 of City Loft West Development, strategically located in the bustling economic hub of Hlaing Tharyar Township. The success of the first tower of City Loft West is evident in its 100% sell-out rate, prompting Yoma Land to launch two additional towers by the end of FY2024. The second tower (TC8), launched in September 2023, has nearly sold out, and the latest tower (TC2) was introduced in January 2024.

The successful sales of units in the StarCity, City Villa, Estella Townhouses, Ara, and City Loft West projects underscore the market's confidence in Yoma Land's developments and the attractiveness of their residential offerings. Yoma Land's ability to swiftly respond to market demands and offer a diverse range of housing options has significantly contributed to its ongoing success in the real estate market.





# အိမ်ရာဖော်ထုတ်တည်ဆောက်ရေးကဏ္ဍ



## အနာဂတ် မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင်များ တည်ဆောက်ခြင်း

ဖွံ့ဖြိုးတိုးတက်မှု သင်တန်းများအပြင် လက်ရှိဈေး ကွက်အခြေအနေ၊ စက်မှုလုပ်ငန်းများ၏ သတင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိနေ စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည် စဉ်ဆက် မပြတ်တိုး တက်စေရန်အတွက် ဒါရိုက်တာများ အား ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် နှီးနှောဖလှယ်ပွဲ များ၊ ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေး ပွဲများသို့ ပုံမှန်တက်ရောက်ကြပါရန် တိုက်တွန်း ဆောင်ရွက်လျက်ရှိပါ သည်။ ၂၀၁၇ ခုနှစ် အကုန် ပိုင်းတွင် စတင်အသက်ဝင်ခဲ့သော မြန်မာ ကုမ္ပဏီများ ဥပဒေ ထွက်ပေါ်ချိန်မှစ၍ ကုမ္ပဏီ သည် ဒါရိုက်တာများ ဖွံ့ဖြိုးရေးအစီအစဉ်များ ကို အချိန်မှန်ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ဇွန်လ တွင် Myanmar Institute of Directors မှ ပေးအပ်ခဲ့သော CG Awareness & Future Board Planning သင်တန်းတို့ ပါဝင်ပါသည်။ ၂၀၁၈ စက်တင်ဘာလ တွင်လည်း Baker McKenzie မှ ပေးအပ်သော Directors and Officers Duties under the Myanmar Companies Law သင်တန်းတို့ အပါအဝင်ဖြစ်ပါသည်။ ဒါရိုက်တာများကို လိုအပ်သော အရင်း အမြစ်များပေးထားပြီး စီမံခန့်ခွဲရေးအဖွဲ့နှင့် ကော်ပိုရိတ် အတွင်းရေးမှူးအဖွဲ့၏ အကူအညီဖြင့် နောက်ဆုံး စည်းမျဉ်းများကို အသိပေးခဲ့ပြီး တာဝန်များကို အချိန်မီထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးပါသည်။

## သတင်းအချက်အလက် ရယူပိုင်ခွင့်

ဒါရိုက်တာအဖွဲ့သည် ရရှိသော သတင်းအချက်အလက်များကို သေချာစွာစဉ်းစားခြင်း၊ ဆုံးဖြတ် ခြင်းတို့ဖြင့် ၎င်းတို့၏တာဝန် ဝတ္တရားများကို ကျေပွန်စွာ ဆောင်ရွက်နိုင်ရန် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ မတိုင်မီ လုံလောက်ပြည့်ဝသည့် သတင်းအချက်အလက်များကို ဒါရိုက်တာများထံ အချိန်မီ တင်ပြနိုင်ရန် အလွန်အရေးကြီး ကြောင်း စီမံခန့်ခွဲမှုအဖွဲ့မှ သတ်မှတ်ထားပါသည်။ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်နှင့် ဒါရိုက်တာများ အချိန်လုံလုံလောက်လောက်ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများနှင့် သက်ဆိုင်သည့် လိုအပ်သော စာရွက်စာတမ်းများကို ပုံမှန်အားဖြင့် အစည်းအဝေးမတိုင်မီတစ် ပတ်အလိုတွင် ဒါရိုက်တာများထံသို့ ဖြန့်ဝေပါသည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုစီကို လေ့လာအကဲဖြတ်ရန်နှင့် အတည်ပြုပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့မှ ရင်းနှီးမြှုပ်နှံမှု အဆိုပြုလွှာများ၊ နောက်ခံ သမိုင်းကြောင်းများနှင့် မဖြစ်မနေ သိသင့်သိထိုက်သော အချက်အလက်တို့ကို ဒါရိုက်တာ အဖွဲ့သို့ တင်ပြပါသည်။ ဒါရိုက်တာအဖွဲ့၏ တရားဝင်ခွင့်ပြုချက်ကိုရယူရန် မလိုအပ်သေးသည့် အစောပိုင်း အချိန်ကာလတွင်လည်း စီမံခန့်ခွဲမှုအဖွဲ့က အလားအလာရှိသော အရောင်း အဝယ်များနှင့် ဖြစ်နိုင်ချေ ရှိသော တည်ဆောက်ရေးလုပ်ငန်းများအကြောင်းကို ဒါရိုက်တာများထံ အလွတ် သဘောတင်ပြခွင့်ပြုသည့် အလေ့အထများကိုလည်း ကုမ္ပဏီက ကျင့်သုံးခဲ့သည်။

လိုအပ်ပါက သတင်းအချက်အလက်များကို ပိုမိုပြည့်ဝစွာ ဖြည့်စွက်ရရှိနိုင်ရန် ဆွေးနွေးမှုများတွင် ပါဝင်နိုင်သည့် သို့မဟုတ် ထင်မြင်ယူဆချက်များကို ပေးနိုင် သည့် ကျွမ်းကျင်သူများ သို့မဟုတ် သီးခြား ပုဂ္ဂိုလ်များကိုလည်း ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီအစည်းအဝေးများသို့ ဖိတ်ခေါ်နိုင်ပါသည်။ စီမံခန့်ခွဲမှုအဖွဲ့သည် ဒါရိုက်တာအဖွဲ့ကို စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးကဏ္ဍ များ၏ အလား အလာနှင့် ဈေးကွက်တုံ့ပြန်ချက်များကို ပုံမှန်တင်ပြ အစီရင်ခံ လေ့ရှိပါသည်။ သို့မှသာ ဒါရိုက်တာများအနေဖြင့် စီးပွားရေး ကဏ္ဍများ ၏ ခေတ်ရေစီးကြောင်းနှင့် ဈေးကွက် အနေအထားတို့ကို အမြဲတမ်းထိ တွေ့မှုရှိပြီး နားလည်သဘောပေါက်စေမည် ဖြစ်ပါသည်။ ဒါရိုက်တာများသည် စီမံခန့်ခွဲမှုအဖွဲ့၊ ကော်ပိုရိတ်အတွင်း ရေးမှူးအဖွဲ့၊ ပြင်ပစာရင်းစစ်နှင့် ပြင်ပကျွမ်းကျင် သူတို့၏ အကြံဉာဏ်များကို ကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် လိုအပ်သည့် အချိန်တိုင်းတွင် အပြည့်အဝ ရယူနိုင်ပါသည်။

## ကော်ပိုရိတ် အတွင်းရေးမှူးအဖွဲ့

ကုမ္ပဏီသည် ဒါရိုက်တာများက တောင်းဆိုသော တောင်းဆိုမှုများကို ချောမွေ့စွာ ဖြည့်ဆည်းပေးနိုင် ရန်နှင့် ထိုကိစ္စများကို သီးသန့်ဆောင်ရွက်ပေးနိုင် သည့် ကုမ္ပဏီတွင်း ကော်ပိုရိတ်အတွင်းရေး မှူး အဖွဲ့ (CST) ကို ဖွဲ့စည်းထားပေးပါသည်။ CST သည် အခြားသော တာဝန်များအပြင် မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းခြင်း၊ အသစ်ပြုလုပ်ခြင်းတို့ကို မြန်မာကုမ္ပဏီများ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းဆောင်ရွက်လျက် ရှိပါသည်။ သို့မှသာကုမ္ပဏီသည် မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်များကော်မရှင် (“SECM”)၊ ရန်ကုန် စတော့အိတ်ချိန်း (“YSX”) နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (“DICA”) တို့က ထုတ်ပြန်ထားသော သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အပြည့်အဝ လိုက်နာမှုရှိမည် ဖြစ်ပါသည်။ CST သည် ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ ကော်မတီ တစ်ခုစီ၏ ဥက္ကဋ္ဌနှင့် စီမံခန့်ခွဲမှုအဖွဲ့တို့ကို ကူညီ ပေးရပြီး CST သည် ဒါရိုက်တာအဖွဲ့အစည်းအဝေးများကို တက်ရောက်ခြင်း၊ အစည်းအဝေး မှတ်တမ်းများကိုပြင်ဆင်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ ဒါရိုက်တာအဖွဲ့ကော်မတီများ၊ စီမံခန့်ခွဲမှုအဖွဲ့တို့ကြားတွင် ထိရောက်သော ဆက်သွယ်ညှိနှိုင်းမှုများ ရှိစေရန် ကူညီပေးရပါသည်။ CST သည် ဘုတ် အဖွဲ့တစ်ခုလုံး၏ ကျွမ်းကျင်မှုများနှင့် အသိပညာ မျှတမှုများအတွက် နှစ်စဉ် ဆောင်ရွက်အကဲဖြတ်မှုကို ထောက်ပံ့ပေးပြီး စီမံခန့်ခွဲပါသည်။ ထို့ပြင် ဘုတ်အဖွဲ့၏ ချက်ချင်းအာရုံစိုက်မှု လိုအပ်သော ကိစ္စရပ်များနှင့် တိုးတက်မှုများ၏ အဓိကနယ်ပယ်များကို ဖော်ထုတ်ရန် CST မှ ထောက်ပံ့ပေးပါသည်။ CST သည် ကော်ပိုရိတ် အတွင်းရေးမှူး လုပ်ငန်းနှင့်သက်ဆိုင်သော အစည်းအဝေးများ၊ ကျွမ်းကျင်သူ အစီအစဉ်များကို လိုအပ်သလို တက်ရောက်ရပါသည်။

## ၁.၂။ ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် လမ်းညွှန်မှု

ဒါရိုက်တာအဖွဲ့၏ အမှီအခိုကင်းမှု ဒါရိုက်တာအဖွဲ့၏ ၆၀ ရာခိုင်နှုန်း ကျော်သည် အမှုဆောင်မဟုတ်သော ဒါရိုက်တာများ သို့မဟုတ် လွတ်လပ် သော ဒါရိုက်တာများဖြစ်နေသောကြောင့် ဒါရိုက် တာအဖွဲ့သည် နေ့စဉ်လုပ်ငန်း လည်ပတ်မှုများတွင် လွတ်လပ်အမှီအခိုကင်းသော ပတ်ဝန်းကျင်တစ်ခု ကို ထိန်းသိမ်းထားပါသည်။ ထို့အပြင် အမှုဆောင် မဟုတ်သော ဒါရိုက်တာများသည် ၎င်းတို့၏ မတူကွဲပြားသော အတွေ့အကြုံသဘောထားများကို ယူဆောင်လာခြင်းကြောင့် လွတ်လပ်စွာ တွေးခေါ်မြော်မြင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးစေနိုင် သဖြင့် ဒါရိုက်တာအဖွဲ့အတွင်း အုပ်စုဖွဲ့စဥ်းစား မှုဖြစ်ရပ်ကို ကာကွယ်ပေးပါသည်။ ထို့ပြင် NC တွင် ဒါရိုက်တာများသည် ကုမ္ပဏီ၊ စီမံ ခန့်ခွဲမှု အဖွဲ့နှင့် အရေးပါသော ရှယ်ယာရှင်များနှင့် ဆက်သွယ်မှု တစ်စုံတစ်ရာ ရှိမရှိကို စာဖြင့်ရေးသားပြီး ဖော်ထုတ်တင်ပြရပါသည်။ ထိုဖော်ထုတ်ကြေညာ ချက်များကို အချိန်မှန်စစ်ဆေးပြီး ဒါရိုက်တာများသည် အကျိုးစီးပွားပဋိပက္ခမရှိစေရန် ဆောင်ရွက် ရပါသည်။ ဒါရိုက်တာများ၏ လွတ်လပ်မှုကို ဆုံးဖြတ်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာ နက ထုတ်ပြန်သော ကြေညာ ချက်အမှတ် ၉၀/၂၀၂၀ တွင် ဖော်ပြထားသော သီးခြားလွတ်လပ်သော ဒါရိုက် တာများ၏ အရည်အသွေးများကို လိုက်နာမှုရှိစေရန် သတ်မှတ်ထားပါသည်။ CG လက်စွဲစာအုပ်တွင် ဖော်ပြထားသော ဒါရိုက်တာအဖွဲ့ဝင်များအတွက် ကုမ္ပဏီ၏ ရည်ညွှန်းစည်းကမ်းချက်များတွင် သီးခြားလွတ်လပ်သော ဒါရိုက်တာ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်အရ ဒါရိုက်တာအဖွဲ့တွင် ၁၂ နှစ်ထက် ပို၍ တစ်ဆက်တည်း တာဝန်ထမ်းဆောင်ခဲ့ပါက ထို ဒါရိုက်တာသည် သီးခြား လွတ်လပ်သော ဒါရိုက်တာတစ်ဦး ဖြစ်မဖြစ်ကို ဒါရိုက်တာအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ထို သတ်မှတ်ချက်အရ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်သည် ဒါရိုက်တာအဖွဲ့တွင် တာဝန်ထမ်းဆောင်သည့် ကာလ မှာ (၁၂) နှစ်မပြည့် သေးသည့်အတွက် သီးခြားလွတ်လပ်သည့် အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်ရန် အရည်အချင်းပြည့်မီပါသည်။

## ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အရွယ်အစား

ဒါရိုက်တာအဖွဲ့ကို ဒါရိုက်တာ (၅) ဦးနှင့် လွတ်လပ်သော အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၁) ဦး၊ အမှုဆောင်မဟုတ်သော ဒါရိုက်တာ (၃) ဦး၊ အမှုဆောင်ဒါရိုက်တာ (၁) ဦး တို့ဖြင့် ဖွဲ့စည်းထားပါသည်။ လွတ်လပ်သော ဒါရိုက်တာနှင့် အမှု ဆောင်မဟုတ်သော ဒါရိုက်တာများသည် စီးပွား ရေး၊ ဘဏ္ဍာရေးနယ်ပယ်များတွင် အတွေ့အကြုံများ စွာရှိခြင်းကြောင့် ထိရောက်သော ဆုံးဖြတ် ချက် များကို ချမှတ်နိုင်ကြပါသည်။ ထို့အပြင် မတူ ကွဲပြားသော လူအ များ လေးစားရသော ပုဂ္ဂိုလ်များနှင့် ဒါရိုက်တာအဖွဲ့ဝင်ကို ဖွဲ့စည်းထား သောကြောင့် ကုမ္ပဏီအနေဖြင့် အကျိုး ကျေးဇူး များစွာ ရရှိပါသည်။ ၂၀၂၃ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီများ၏ ဖွဲ့စည်းပုံကို ဇယား တွင်ဖော်ပြ ထားပါသည်။ ဇယားကို စာမျက်နှာ (၄၈) တွင် ကြည့်ရှုနိုင်ပါသည်။

## ဒါရိုက်တာအဖွဲ့၏ အမျိုးအစားစုံလင်မှု

ကုမ္ပဏီသည် ဒါရိုက်တာအဖွဲ့ဝင်များ၏ မတူကွဲပြားသော အရည်အသွေးများ၊ ဗဟုသုတများ၊ ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများကို ပေါင်းစုအားယူလျက် စီးပွားရေး ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက်ဒါရိုက် တာအဖွဲ့ တွင် မတူညီကွဲပြားသူများ ပါဝင်ရန် အားပေးပါသည်။ ဤသို့ဖြင့် ကုမ္ပဏီ၏ ရေရှည်ကြီး ထွား မှုနှင့် အောင်မြင်မှုများအတွက် တီထွင်ဖန်တီးမှုရှိသော စဉ်း စားတွေးခေါ် ပုံများ၊ ရေရှည်တည်တံ့သည့် ပြိုင်ဆိုင်မှု ရှိသော အားသာချက်များ ကို ရရှိနိုင်မည် ဖြစ်ပါသည်။ NC သည် ဒါရိုက်တာအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံ အရွယ် အစားနှင့်ပါဝင်မှု (အရည်အချင်း၊ အသိပညာ၊ လုပ်ငန်း ကဏ္ဍနှင့် အတွေ့အကြုံ၊ ကျားမ၊ အသက်၊ လူမျိုး၊ တာဝန် ထမ်းဆောင်သည့်ကာလနှင့် ယဉ်ကျေးမှုတို့ အပါအဝင်) တို့ကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်သော ပြောင်းလဲမှုများပြုလုပ်ရန် အကြံပေးပါသည်။

## ၁.၃။ အမှုဆောင်အရာရှိချုပ်များ (CEOs) ၏ တာဝန်နှင့် အခန်းကဏ္ဍများကို ခွဲခြားခြင်း

### အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင် ဒါရိုက်တာ၏ တာဝန်နှင့် အခန်းကဏ္ဍ

ကုမ္ပဏီအုပ်စု၏ လက်အောက်ခံ ကုမ္ပဏီများသည် ၎င်းတို့ CEO များ၏ ဦးဆောင်မှုဖြင့် သီးခြား တည်ရှိသော စီမံခန့်ခွဲမှုအဖွဲ့များက ၎င်းတို့၏သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းများအတွက် နေ့စဉ်လုပ်ငန်းဆောင် ရွက်ချက်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိပြီး တာဝန်ခံရပါသည်။ သတ်မှတ်ထားသော CEO များသည် သက်ဆိုင်ရာ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ ကော်မတီ မူဝါဒများအတိုင်း လုပ်ငန်းများအား အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။ အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာသည် အခြေခံအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲရေး အဆင့် မြင့် ဆုံးဖြတ်ချက်များအတွက် ကုမ္ပဏီအုပ်စုအဆင့်မှ အကူအညီပေးခြင်း၊ သက်ဆိုင်ရာ CEO များကို အကူအညီပေးခြင်း၊ လုပ်ငန်းလည်ပတ် မှုများနှင့် ရင်းမြစ်များကို ခြုံငုံကြည့်ရှုခြင်း၊ ဘုတ်အဖွဲ့နှင့် လုပ်ငန်းဌာနများရှိ CEO များအကြား အဓိကဆက်သွယ် ပေးသူအဖြစ် တာဝန်ယူရခြင်း၊ ဒါရိုက်တာအဖွဲ့ နှင့် ရှယ်ယာရှင်များထံမှ ယူဆ ချက်များကို ရရှိပြီး သည့်နောက်တွင် ကုမ္ပဏီ၏ လုပ်ထုံးလုပ်နည်း များကို ချမှတ်ရန် တာဝန်ရှိခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ကုမ္ပဏီ သည် ပုံမှန် CEO တစ်ဦးတည်း ခန့်အပ်ထားသည့် ရှေးရိုးစွဲပုံစံမဟုတ်ပဲ ထိုတာဝန်ကို ကုမ္ပဏီ၏ ထိပ် တန်း အမှုဆောင်အရာရှိများ နှင့် CEO များအကြား ဖြန့်ဝေတာဝန်ယူသည့် အုပ်ချုပ်မှုပုံစံကို ကျင့်သုံးပါသည်။ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံကို စာမျက်နှာ (၄၉) တွင် ကြည့်ရှုနိုင်ပါသည်။

## ၁.၄။ ဒါရိုက်တာအဖွဲ့ အဖွဲ့ဝင်များ

### အမည်စာရင်းတင်သွင်းရေးကော်မတီ ဖွဲ့စည်းပုံ နှင့် တာဝန်

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**
(ဥက္ကဋ္ဌ)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

**ဦးလင်းမြိုင်**
(အဖွဲ့ဝင်)

NC တွင် အမှုဆောင်မဟုတ်သော ဒါရိုက်တာများဖြင့်သာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး လွတ်လပ်သောအမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်သူ ပရော်ဖက်ဆာ ဒေါက်တာ အောင်ထွန်းသက်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါသည်။ NC ကို ဒါရိုက်တာအဖွဲ့မှ လွှဲအပ် ထားသော လုပ်ကိုင်ခွင့် တာဝန်များနှင့်အတူ ဒါရိုက် တာအဖွဲ့က သတ်မှတ်ထားသော လုပ်ပိုင်ခွင့် စည်းမျဉ်းများဖြင့် ထိန်းချုပ်ထားပါသည်။ ဒါရိုက်တာအဖွဲ့နှင့် သူ၏အဖွဲ့ဝင်များကို ဘဏ္ဍာရေး၊ စီးပွားရေး၊ အစိုးရဌာနနှင့် ပညာရေးအစရှိသည့် ကဏ္ဍအသီးသီးတွင်အတွေ့အကြုံရှိသူများနှင့် မတူကွဲပြားသော ပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာအဖွဲ့အဖြစ် ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ ဒါရိုက်တာအဖွဲ့အတွက်သင့်လျော်သော အရည်အချင်း၊ စွမ်းရည်နှင့် အတွေ့အကြုံရှိသော သူများကိုဆုံးဖြတ်ရွေးချယ်ပေးရသည်။ ဒါရိုက်တာတစ်ဦးချင်းအား ခန့်အပ်ခြင်းနှင့် နုတ်ထွက်ခြင်းတို့ အတွက် ပွင့်လင်းမြင်သာပြီး တရားဝင်မှုရှိခြင်းကို ထိန်းသိမ်းရန်အတွက်ဒါရိုက်တာအဖွဲ့တစ်ခုလုံး၏ အတည်ပြုချက်ကို ရယူရန် လိုအပ်ပါသည်။

NC သည် ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်ဦးရေ၊ ဒါရိုက်တာအဖွဲ့ အရွယ်အစား (ကျွမ်းကျင်မှု၊ အသိပညာ၊ အတွေ့အကြုံနှင့်ကွဲပြား ခြား နားမှုအပါအဝင်) ပေါင်းစပ်ဖွဲ့စည်းမှုတို့ကို ပုံမှန်သုံးသပ်ပြီး ဒါရိုက်တာ များအား အပြောင်းအလဲပြုလုပ်နိုင်ရန်ထောက်ခံချက်များ ပေးပါသည်။ ဤကော်မတီသည် အနည်းဆုံး (၃) နှစ်ပြည့်တိုင်း ဒါရိုက်တာအဖွဲ့ဝင်များ အားလုံးရာ ထူးမှ နုတ် ထွက်ခြင်း၊ ပြန်လည်အဆိုပြုခြင်းနှင့် ပြန်လည် ခန့်ခြင်းတို့အား ၎င်းတို့ကိုယ်တိုင် အမည်စာရင်း ပြန် လည်တင်သွင်းစေရန် ကြီးကြပ်ရပါသည်။ NC သည် ဈေးကွက်အတွင်း ကုမ္ပဏီအနေဖြင့် ထိရောက်သည့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ဆက်လက်ရှိနေစေရန် မျှော်မှန်းကာ ကုမ္ပဏီခေါင်းဆောင်မှု လိုအပ်ချက်များနှင့်အညီ အလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်မဟုတ်သော ဒါရိုက်တာများ အား ပြန်လည်သုံးသပ်မှုကို ဆောင်ရွက် ရပါသည်။ NC ၏ တာဝန်များအသေးစိတ်ကို CG လက်စွဲစာ အုပ်တွင် လေ့လာဖတ်ရှုနိုင်ပါသည်။

### ဒါရိုက်တာများ ပြန်လည်ရွေးချယ်တင်မြှောက်ခြင်း

NC သည် ဒါရိုက်တာတစ်ဦးချင်းစီ၏ စွမ်းဆောင် ရည်ကို နှစ်စဉ်ပြန်လည် သုံးသပ်သည်။ ပြန်လည် ရွေးကောက်တင်မြှောက်ခြင်းနှင့် ပြန်လည် ခန့်အပ်ခြင်းအတွက် ဒါရိုက်တာအဖွဲ့အား ထိရောက်သော လည်ပတ်မှုဖြစ်စေရန် ပါဝင်မှုရှိမ ရှိ၊ ကြိုတင်ပြင်ဆင်မှု၊ ပူးပေါင်းပါဝင်မှု၊ အချိန်ပေးလုပ်ဆောင်မှု ရှိမရှိတို့ကို ထည့်သွင်းစဉ်းစားရန် အကြံပေးပါသည်။ ကုမ္ပဏီ၏ကိစ္စရပ်များကို ဒါရိုက်တာများက ကောင်းမွန်စွာ အာရုံစူးစိုက်ခြင်း ရှိမရှိနှင့် အခြားအဖွဲ့အစည်းများ၏ ဒါရိုက်တာအဖွဲ့ ဝင်အဖြစ် လုပ်ဆောင်နေခြင်း ရှိမရှိ အပေါ်တွင်လည်း သုံးသပ်သည်။ ထို့အပြင် NC သည် ဒါရိုက်တာများ၏ အကျင့် စာရိတ္တနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွတ် လပ်မှုရှိမရှိ၊ ဆုံးဖြတ်ချက်အပေါ် အကျိုးသက် ရောက်နိုင်သော ဆက်နွယ်မှု သို့မဟုတ် အခြေ အနေများ ရှိမရှိကိုလည်း ဆုံးဖြတ်သည်။ NC သည် ဒါရိုက်တာများကို ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည် ခန့်အပ်ခြင်းများအားလုံး အချိန်မီနိုင်ရန်ကို လည်းစောင့် ကြပ်ကြည့်ရှုပါသည်။ ဒါရိုက်တာများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်း မျဉ်းနှင့်အညီ အနည်းဆုံး (၃) နှစ်လျှင် တစ်ကြိမ် ပြန်လည် ရွေးကောက်တင်မြှောက် ခံရနိုင် သည်။ ထို့ကြောင့် နှစ်စဉ်ကျင်းပသော AGM တိုင်းတွင် အနည်းဆုံး ဒါရိုက်တာ သုံးပုံတစ်ပုံသည် ဒါရိုက်တာ အဖြစ်မှ အနားယူရမည်။ အစုရှယ်ယာရှင်များအား ရွေးကောက်တင် မြှောက်ခြင်း သို့မဟုတ် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်းခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့် သတင်းအချက် အလက်များကို အသိပေးရန် AGM အကြောင်း ကြားစာတွင် ထည့်သွင်းပေးထားပါသည်။ အစု ရှယ်ယာရှင်များအား ရွေးကောက်တင်မြှောက်ခြင်း သို့မဟုတ် ပြန်လည်ရွေးကောက် တင် မြှောက်ခြင်း ခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့် သတင်းအချက် အလက် များကို အသိပေးရန် AGM အကြောင်းကြားစာတွင် ထည့်သွင်းပေးထားပါသည်။ ၃၂ ကြိမ်မြောက် AGM တွင် ဦးသိမ်းဝေနှင့် ဦးထွန်းထွန်းတို့သည် အငြိမ်းစားယူကာ ကုမ္ပဏီဖွဲ့စည်းပုံအခြေခံဥပဒေ၏ ၁၆.၁၄ စည်းမျဉ်းအတိုင်းကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန် ရွေးကောက်ပွဲကို ပြန် လည်ပြုလုပ်ခဲ့သည်။

### ဒါရိုက်တာအသစ်များ ခန့်အပ်မှုအတွက် လုပ်ငန်းစဉ် နှင့် လိုအပ်သော စံနှုန်းများ

ကုမ္ပဏီအနေဖြင့် ဒါရိုက်တာအသစ်များ ရွေးချယ်ရာတွင် ဘက်စုံချဉ်းကပ်မှုပုံစံကို အသုံးပြုပါသည်။ NC သည် ဒါရိုက်တာများနှင့် ဒါရိုက်တာ ဘုတ်အဖွဲ့ ကော်မတီဝင်များ၏ ခန့်အပ်ခြင်း၊ ပြန်လည် ခန့်အပ်ခြင်းနှင့် ရပ်စဲခြင်းအတွက် လျာထားခြင်း အားလုံးကို ပြန်လည်သုံးသပ်ရာတွင် သမာဓိ၊ ဂုဏ်သိက္ခာ၊ စွမ်းဆောင်နိုင်မှု၊ လွတ်လပ်မှု အခြေအနေ၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများနှင့် CG လက်စွဲစာအုပ် အောက်တွင် သတ်မှတ် ထားသော အခြားစံသတ်မှတ်ချက်များနှင့် NC မှ သတ်မှတ်ထားသော နောက်ထပ်သက်ဆိုင်ရာ အချက်အလက်များနှင့်အညီ အားလုံးကို ကြည့် ရှု ဆောင်ရွက်ပါသည်။ ဒါရိုက်တာအသစ်ခန့်ရန် လိုအပ်သည့်အခါ အလားအလာရှိသော ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန် NC သည် ပွင့်လင်းမြင်သာ မှုရှိသောကြော်ငြာ သို့မဟုတ် ပြင်ပကွန်ရက်များမှ ဝန်ဆောင်မှုများကို အသုံးပြုသည်။ ရွေးချယ်ရေး လုပ်ငန်းစဉ်အတွင်း NC သည် အောက်ပါတို့ကို ဆောင်ရွက်ရပါသည်။

- ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ကော်မတီများ၏ လက်ရှိဖွဲ့စည်းပုံ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် စွမ်းရည်တို့ကို ပြန်လည်သုံးသပ်ခြင်း၊
- ကုမ္ပဏီ၏ လိုအပ်ချက်များကို ဖော်ထုတ်သတ်မှတ်ပြီး အင်တာဗျူး မစတင်မီ ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူများ၏ ကိုယ်ရေးရာဇဝင် များကို ပြန်လည်သုံးသပ်ခြင်း၊
- NC ဥက္ကဋ္ဌ နှင့် အခြား NC အဖွဲ့ ဝင်များသည် ကိုယ်စားလှယ်လောင်းများ ကို တွေ့ ဆုံမေးမြန်းပြီးနောက် ဒါရိုက်တာ အဖွဲ့၏မတူကွဲပြားခြင်းဆိုင်ရာ ကတိကဝတ် ကို ထိန်းသိမ်းရန် အောက်ပါတို့ကိုအလေးပေး စဉ်းစားပါသည် -

(က) ကိုယ်စားလှယ်လောင်း၏ သီးခြားလွတ် လပ်ခွင့်အပေါ်စဉ်းစားခြင်း၊
(ခ) မတူကွဲပြားခြားနားသော ဒါရိုက်တာအဖွဲ့ ကို ဆက်လက်ထိန်းသိမ်းထားရန် ရည် ရွယ်၍ ကိုယ်စားလှယ်လောင်း၏ ကျားမ၊ အသက်၊ ယဉ်ကျေးမှုနောက်ခံ၊ ကျွမ်းကျင်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ နှင့် စီးပွားရေး အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားခြင်း၊
(ဂ) ကိုယ်စားလှယ်လောင်း၏ လုပ်ငန်းကဏ္ဍအတွင်း ကျင့်ဝတ်သိက္ခာနှင့်ဂုဏ်သတင်းများကို ထည့်သွင်းစဉ်းစားခြင်း။

## ဒါရိုက်တာများ၏ အချိန်ပေးနိုင်မှု

အချို့သော ဒါရိုက်တာများသည် အခြားကုမ္ပဏီအများအပြား၏ ဒါရိုက်တာရာထူးများတွင် တာဝန်ထမ်းဆောင်လျက် ရှိသော်လည်း အဆိုပါ ဒါရိုက်တာများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် လမ်းညွှန်မှုပေး သူများအဖြစ် တာဝန်ဝတ္တရားများကို အပြည့်အဝ ထမ်းဆောင်နိုင်ကြောင်းနှင့် စိတ်အားထက် သန်မှုရှိကြောင်း ပြသနိုင်ခြင်းရှိမရှိကို ဒါရိုက်တာအဖွဲ့နှင့် NC တို့က သေချာစွာဆန်းစစ်ပါသည်။ NC သည် ဒါရိုက် တာတစ်ဦးက အများပိုင်စာရင်းသွင်းထားသော ကုမ္ပဏီ ငါးခုတွင်သာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခွင့်ရှိကြောင်း စည်းကမ်းချက် ချမှတ်ထားသည်။ ဒါရိုက်တာ တစ်ဦးစီသည် သူ၏တာဝန်ကို ထမ်းဆောင်ရန် လုံလောက်သောအချိန် ပေးနိုင်ခြင်း ရှိမရှိအား အစည်းအဝေးများအတွင်း ၎င်းတို့၏ ပါဝင်မှုရှိမရှိ တို့ကိုကြည့်၍ ထည့်သွင်း စဉ်းစားပါသည်။ ၂၀၂၄ ဘဏ္ဍာရေးနှစ် အတွင်း ကျင်းပသော အစည်းအဝေးများသို့ ဒါရိုက် တာများအားလုံး ပုံမှန်တက်ရောက်ခြင်း အပေါ် အခြေခံ၍၊ အခြား စာရင်းသွင်း ထားသော ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဒါရိုက်တာများအပါအဝင် ဒါရိုက်တာအားလုံးသည် ကုမ္ပဏီ၏ အရေးကိစ္စများကို လုံလောက်သောအချိန် ပေးအပ်၍ ကုမ္ပဏီအပေါ် အာရုံစိုက် မှုရှိကြောင်း NC က ယုံကြည်ပါသည်။

## ဒါရိုက်တာများနှင့် အဓိက စီမံခန့်ခွဲမှုအဖွဲ့ဝင်များအတွက် ဆက်ခံသူ ရွေးချယ်ရေးအစီအစဉ်

မြန်မာနိုင်ငံတွင် YSX ၏ စာရင်းသွင်းခံရသည့် ပထမဆုံးသော ကုမ္ပဏီအနေဖြင့် အနာဂတ်ကြို တင်ပြင် ဆင်မှုအတွက် ဆက်ခံသူရွေးချယ်ရေး အစီအစဉ်ရေး ဆွဲခြင်း၏ အရေးပါမှုကို ကုမ္ပဏီက နားလည်အသိ အမှတ်ပြုပါသည်။ ကုမ္ပဏီအနေဖြင့် ဆက်ခံသူရွေး ချယ်ရေး အစီအစဉ်သည် အရည်အချင်းရှိသော ဝန် ထမ်းများကို ထိန်းသိမ်းရန် နည်းလမ်းတစ်ခုဖြစ်သည်ဟု ကုမ္ပဏီက အခိုင်အမာယုံကြည်ပြီး စီမံခန့်ခွဲရေး အဖွဲ့ဝင်များက အရည်အချင်းရှိသော အရည်အချင်းရှိသော ဝန်ထမ်းများအား ဖော်ထုတ်ရန်နှင့် ပြုစုပျိုးထောင်ရန် ပြန်လည် စစ်ဆေးမှုများကို ပုံမှန်ပြုလုပ်ကြပါသည်။

ဆက်ခံသူရွေးချယ်ရေးအတွက်စီမံကိန်းရေးဆွဲခြင်းကို တသမတ်တည်း နည်းလမ်းဖြင့်လုပ်ဆောင်ရန် မဖြစ်နိုင်ကြောင်း သိရှိပါသည်။ထို့ကြောင့် ကုမ္ပဏီ၏စီးပွားရေး ဦးတည်ချက်များအပေါ် အခြေခံ၍ ၎င်း၏ဆက်ခံသူ ရွေးချယ်ရေး အစီအစဉ်ကို ကုမ္ပဏီမှတည်ဆောက် ထားပါသည်။ ထို့အတူ ကုမ္ပဏီအုပ်စု၏ ဆက်ခံသူ ရွေးချယ်ရေး အစီအစဉ်သည် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှု ရာထူးများအတွက်သာမက အဖွဲ့အစည်း၏ အဆင့်တိုင်းတွင်ရှိသည့် ဝန် ထမ်းများအား လုံးအတွက်ပါ ထည့်သွင်းစဉ်း စား ထားပါသည်။ ကုမ္ပဏီ အနေဖြင့် ကုမ္ပဏီ၏ အဓိကရာထူးများမှာ “မှန်ကန်သော ကစားသမား” ကို ရှာဖွေခြင်းကဲ့သို့ပင် တူညီသော အရေး ပါမှုရှိသည်ဟု မှတ်ယူပါသည်။

ပုံကို စာမျက်နှာ (၅၁) တွင် ကြည့်ရှုနိုင်ပါသည်။

အထက်ပါပုံတွင်ဒါရိုက်တာအဖွဲ့သက်တမ်းတိုးခြင်းနှင့် ဆက်ခံသူရွေးချယ်ရေး အစီအစဉ်ရေးဆွဲ ခြင်းအတွက် လိုအပ်သော အကြောင်း ရင်းများကို ခြုံငုံသုံးသပ်ထားပါသည်။ စီးပွားရေးဝန်းကျင်နှင့် စီးပွားရေးမဟာဗျူ ဟာများ ပြောင်းလဲလာ သည်နှင့်အမျှ ကုမ္ပဏီနှင့် ဒါရိုက်တာအဖွဲ့ကို အထောက်အကူပြုနိုင်ရန် အရည်အချင်း ပြည့် ဝသော ဒါရိုက်တာများကို လိုအပ်လာပါသည်။ ကုမ္ပဏီ၏ အဓိကစဉ်းစားရမည့် အချက်များမှာ -

(က) မဟာဗျူဟာမြောက် စီးပွားရေးစီမံချက်များ အပေါ်အခြေခံ၍ လိုအပ်သော အရည်အချင်းများ ကို သတ်မှတ်ခြင်း၊
(ခ) အရေးပါသော ရာထူးများ၏ လိုအပ်သော စွမ်းရည်များကို အတည်ပြုဆုံးဖြတ်ခြင်း၊
(ဂ) အရေးပါသော ရာထူးများနှင့် ရွေးချယ်ထားသော ဝန်ထမ်းများ လိုက်ဖက်မှုအတွက်လို အပ်ချက်များကို ကိုက်ညှိဆောင်ရွက်ပေး ခြင်း၊
(ဃ) ရွေးချယ်ထားသော ဝန်ထမ်းများ ဖွံ့ဖြိုးတိုး တက်လာရန် အဆင့်မြင့်ဖွံ့ဖြိုးရေး အစီ အစဉ်ကို ရေးဆွဲခြင်းနှင့်
(င) စွမ်းဆောင်ရည်ကို စစ်ဆေးအကဲဖြတ်၍ စောင့်ကြည့်လေ့လာခြင်း။

ဒါရိုက်တာအဖွဲ့ ဆက်ခံသူရွေးချယ်ရေး အစီ အစဉ်နှင့် ပတ်သက်၍ အချိန်နှင့်အမျှ ဒါရိုက်တာအဖွဲ့ အား အသစ်ပြန်လည် ဖွဲ့စည်းခြင်းကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး နှစ်ရှည်ကြာစွာ တာဝန် ထမ်းဆောင်လျက်ရှိသော ဒါရိုက်တာအဟောင်း များ၏ အတွေ့အကြုံများကို ရယူပြီး အသစ်ခန့်အပ် လိုက်သော ဒါရိုက် တာများ၏ ပြင်ပမှ ရှုထောင့်အမြင်သစ်များကိုပေါင်း စပ်ခြင်းဖြင့် ဒါရိုက်တာ အဖွဲ့၏ ပြန်လည်သုံးသပ်မှု စွမ်းရည်ကို မြင့်တက် စေပါသည်။ ကုမ္ပဏီ CEO အတွက် ဆက်ခံသူ ရွေးချယ်ရေး အစီအစဉ်နှင့် ပတ်သက်၍ ပြောရလျှင် ကုမ္ပဏီအုပ်စု အဆင့်တွင် လူတစ်ဦးတည်းအပေါ်တွင် တာဝန်ပေးအပ်ထားသော CEO ရာထူး မရှိပါ။ ထိုအစား ဒါရိုက်တာအဖွဲ့သည် စီးပွားရေး မဏ္ဍိုင်တစ်ခုချင်းစီ၏ အမှုဆောင်အရာရှိချုပ်များကို ခြုံငုံ၍ ကြီး ကြပ်ကွပ်ကဲပြီး ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုအသစ်များနှင့် မဟာဗျူဟာမြောက် လှုပ်ရှားမှုများကို သုံးသပ်လမ်းညွှန်ချက် ပေးပါသည်။ ထို့ပြင် ဝန်ထမ်းများ၏ ရည်မှန်းချက်များကို ပြန်လည်ချိန်ညှိရန် သုံးလတစ်ကြိမ် ဆန်းစစ် မှုများပြုလုပ်ပြီး ထိုဆန်းစစ်ချက်များမှာ ကုမ္ပဏီ အတွက်များစွာ အသုံးဝင်သည့် အပြင် ဝန်ထမ်းများ၏ လုပ်ငန်းခွင်ပုံစံများ၊ ရည်မှန်းချက်များ၊ အလားအလာများကို ဖွံ့ဖြိုးတိုးတက်စေမည် ဖြစ်ပါသည်။

## ဒါရိုက်တာများနှင့် စီမံခန့်ခွဲမှုအဖွဲ့အတွက် ဆက်ခံသူ

ရွေးချယ်ရေးအစီအစဉ်မှာ ဒါရိုက်တာအဖွဲ့၏ အရေး ကြီးသော စီမံအုပ်ချုပ်မှု တစ်စိတ် တစ်ဒေသ ဖြစ်ပါ သည်။ ဒါရိုက်တာအဖွဲ့နှင့်အတူ NC သည် အရည်အသွေး မြင့်မားသော ကိုယ်စားလှယ်လောင်းများကို စာရင်းပြုစုထားပြီး မမျှော်လင့်သော အခြေအနေတစ်ခု သို့မဟုတ် ကြိုတင်စီစဉ် ထားသောပြောင်းလဲမှု တစ်ခုအတွက် ရာထူး တာဝန် လက်ခံရယူနိုင်စေရန် စီမံထားပါသည်။ ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ရေရှည်တည်တံ့ခိုင်မြဲ ရန်နှင့် ကောင်းမွန်သော ခေါင်းဆောင်မှု ရှိရန်လိုအပ်ပြီး လုပ်ငန်းတာဝန်ဆက်ခံရေး အစီအစဉ်ရှိရန်မှာ အထူး အရေးကြီးကြောင်း ကုမ္ပဏီအုပ်စုမှ လက်ခံယုံကြည်ပါသည်။ ကုမ္ပဏီ အုပ်စုသည် မြန်မာနိုင်ငံတွင် လုပ်ငန်းများလုပ်ကိုင် လျက်ရှိ သည်မှာဆယ်စုနှစ် ၃ ခု ကျော်ခဲ့ပြီဖြစ်ပြီး ပထမ မျိုးဆက်ခေါင်းဆောင်မှုမှ လက်ရှိ ဒုတိယမျိုး ဆက်ခေါင်းဆောင်မှုထံသို့ ၁၀ နှစ် အတွင်း တဖြည်းဖြည်းချင်းအောင်မြင်စွာ ကူးပြောင်းနိုင် ခဲ့ပါသည်။ ထို့ကြောင့် လုပ်ငန်းစွမ်းဆောင်ရည် အင်အားပြည့်ဝစေရန်နှင့် ခေါင်းဆောင်မှု စဉ်ဆက်မပြတ်ရေး အစီအစဉ်အရ စွမ်းဆောင်ရည် ရှိသူများကို လုပ်ငန်းခွင်၌သာမက လုပ်ငန်းခွင်ပြင်ပ၌ပါ အစဉ်ဖော် ထုတ်ရှာဖွေလျက် ရှိပါသည်။ ကုမ္ပဏီအုပ်စုတွင်လည်း ဒါရိုက်တာအဖွဲ့ဝင် များ၊ အကြီးတန်းအရာရှိများနှင့် မန်နေဂျာများ သည် ၎င်းတို့နေရာများ၌ ဆက်ခံမည့်သူများ ကို သတ်မှတ်ရွေးချယ် လေ့ကျင့်ပေးရန် “Work yourself out of a job” အစီအစဉ်ဖြင့် လက်ရှိ ခေါင်းဆောင်များက ပို၍ကြီးမားသော စီးပွားရေး ရည်မှန်းချက်များကို ရှာဖွေနိုင်ပြီး လူငယ်ခေါင်း ဆောင် အသစ်များအဆင့်မြင့်စီမံခန့်ခွဲမှု ရာထူး များတွင် လုပ်ကိုင်နိုင်ရန်နေရာပေးလျက်ရှိပါ သည်။ ကုမ္ပဏီအုပ်စု၏ လက်ရှိအောင်မြင်မှုမှာ ခေါင်းဆောင်များ၏ အရည်အချင်းနက်ရှိုင်းမှုနှင့် ကျယ်ပြန့်မှု တို့ကြောင့် ဖြစ်ကြောင်း ယုံကြည်ပါသည်။

ကုမ္ပဏီလုပ်ငန်းစုကို လာမည့်ကာလတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်ဟူသည့် ရည်ရွယ် ချက်ဖြင့် ၂၀၂၂ မတ်လ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီအုပ်စုအတွင်းရှိ အကြီးတန်းရာထူးနေရာ များတွင် လုပ်ကိုင်နေသော ခေါင်းဆောင်ပေါင်း အယောက် ၄၀ ပါဝင်သည့် Yoma Emerging Leaders League (“YELL”) အဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ထို ကာလအတွင်း အဖွဲ့ဝင်များသည် ဥက္ကဋ္ဌ၊ CEO အတွေ့အကြုံရှိလုပ်ငန်းအရာရှိများနှင့် ပြင်ပရှိ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့် လစဉ်တွေ့ဆုံကာ ကုမ္ပဏီအုပ်စုအတွင်း လုပ်ငန်းခွဲများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများနှင့် ကုမ္ပဏီအုပ်စု၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးတို့အတွက် အကြံဉာဏ်အသစ်များ ထုတ်ဖော်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

## ၁.၅။ ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်

### ဒါရိုက်တာအဖွဲ့အား အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းစဉ်နှင့် စစ်ဆေးသည့် စံနှုန်းများ

ကုမ္ပဏီ၏လိုအပ်ချက်များနှင့် သင့်လျော်ညီညွတ်မှု ရှိစေရန်အတွက် ဒါရိုက်တာအဖွဲ့၏ အကဲဖြတ်မှု ရည်မှန်းချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ထို ရည်မှန်းချက်များကို ဆီလျော်အောင် ပြန်လည် မွမ်းမံပြင်ဆင်ခြင်းများလုပ်ဆောင်ရန် NC တွင် အခွင့်အရေးရှိပါသည်။

ဒါရိုက်တာအဖွဲ့ ပြန်လည်သုံးသပ်ခြင်းတွင် ပါဝင်သော အကဲဖြတ်မှုစံနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

- ဒါရိုက်တာအဖွဲ့တွင် မတူကွဲပြားမှုများ ပါဝင်ဖွဲ့စည်းမှု (အရည်အသွေးမျိုးစုံ၊ အတွေ့အကြုံအမျိုး စုံ၊ ဘဏ္ဍာရေးလုပ်ငန်းအတွေ့အကြုံရှိမှု၊ ဆုံးရှုံးနိုင်ချေနှင့် အခကြေးငွေဆိုင်ရာ စီမံခန့်ခွဲမှု၊ ပညာ အရည်အချင်း၊ ဒါရိုက်တာများ ရှာဖွေခြင်းနှင့်ခန့်အပ်ခြင်း လုပ်ငန်းစဉ်များတွင် မတူကွဲပြားမှုနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း တို့ ပါဝင်သည်။)
- ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအပေါ်တွင် စိတ်အား ထက်သန်စွာအချိန်ပေးမှု (အခြားတွင် ဒါရိုက်တာ ရာထူးများစွာ ရယူထားသည့် ဒါရိုက် တာများသည် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရန် လုံလောက်သောအချိန် များ ပေးထားခြင်း ရှိမရှိကို စီစစ်ရန်လိုပါသည်။)
- ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ၏ ဖွဲ့စည်းပုံ (အစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပ ပါ သည်။ စီးပွားရေးအရ လိုအပ်ချက်များနှင့် ကိုက် ညီမှုရှိစေရန် လုံလောက်သော အကြိမ် အရေအတွက်၊ ပို့ဆောင်ထောက်ပံ့ရေး ကိစ္စ ရပ်များ၊ အ စည်းအဝေးအစီအစဉ်၊ ဒါရိုက်တာ များအတွက် စာ ရွက်စာတမ်းများ၊ ဆွေးနွေးချက် တစ်ခုစီတိုင်းအတွက် လုံလောက်သော အချိန်ပေးမှု၊ လုံလောက်သော အကြံဉာဏ် များပေးအပ်နိုင်မှု၊ ဆွေးနွေးမှုများ၊ ငြင်းခုံမှုများကို ကြောက်ရွံ့စရာမရှိဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် အစည်း အဝေး ပတ်ဝန်းကျင်အခြေအနေ၊ သဘောမတူသော အမြင်များကိုလည်း ကြိုဆိုရန်၊ အစည်းအဝေး မှတ်တမ်းများကို စနစ်တကျ မှတ်တမ်းတင်ထားပြီး အတည်ပြုပေးရန်။)
- ဒါရိုက်တာအဖွဲ့၏ စီမံအုပ်ချုပ်မှု (သင့်လျော်သောညှိနှိုင်းပြင်ဆင်မှုများ၊ ကုမ္ပဏီ၏စာရင်းအင်းနှင့် ဘဏ္ဍာရေး အစီရင်ခံမှုနှင့် ဘဏ္ဍာရေးစနစ်များ မှန်ကန်ညီညွတ်မှုရှိစေရန်၊ အချိန်မီထုတ်ပြန်နိုင်မှု ဆုံးရှုံးနိုင်ချေရိုကိစ္စရပ်များ၊ဆုံးရှုံးနိုင်ချေဆန်းစစ်ချက် အပါ အဝင် အုပ်ချုပ်မှုနှင့် ဥပဒေလိုက်နာမှု ဆိုင်ရာကိစ္စရပ်များအား ဆန်းစစ်သုံးသပ်နိုင်ရန် ဒါရိုက်တာအဖွဲ့မှအချိန်လုံလောက်စွာ ပေးပါသည်။)
- အကျိုးစီးပွား သက်ဆိုင်သူများ၏ တန်ဖိုး (ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်များသည် အကျိုးစီးပွား ဆက်နွယ်သူများ၏ တန်ဖိုးဖန်တီးနိုင်မှုနှင့် အမျိုးမျိုးသော အကျိုးစီးပွားဆက်နွယ်သူများကိုဆက်သွယ်ထိတွေ့မှု နည်းလမ်းတို့ကို ဆန်းစစ်ရန်အတွက် လုံလောက်ပါသည်။ ဒါရိုက်တာအဖွဲ့သည် သတင်းအပြည့်အစုံရရှိမှု၊ စိတ်ကောင်းစေတနာရှိမှု၊ တာဝန်ကျေပွန်မှု၊ ဂရုတစိုက် ရှိမှုတို့ဖြင့် ဆောင်ရွက်သောကြောင့် ရှယ်ယာရှင်များနှင့် အကျိုးစီးပွားသက်ဆိုင်သူများသည် မျှတသော ဆက်ဆံမှုကို ရရှိကြပါသည်။)
- စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့တို့၏ ဆက်ဆံရေး (စီမံခန့်ခွဲမှုအဖွဲ့ကို ဒါရိုက်တာအဖွဲ့က စောင့် ကြည့်လေ့လာပြီး အကဲဖြတ်ပါသည်။ စီမံခန့်ခွဲမှု အဖွဲ့၏ အခကြေးငွေခံစားခွင့်ကို ပြန်လည်သုံး သပ်ပါသည်။ ဒါရိုက်တာအဖွဲ့ နှင့် စီမံခန့်ခွဲမှုအဖွဲ့ တို့သည် သတင်းအချက် အလက်များ အပြန်အလှန် ဖလှယ်ရန်နှင့် တက်ကြွစွာ ဆက်သွယ်နိုင်သည့် အခွင့်အရေး ရှိပါသည်။)
- ဒါရိုက်တာအဖွဲ့ လေ့ကျင့်သင်တန်းပေးမှု (သီးခြားလွတ်လပ်သော ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သော ဒါရိုက်တာများအတွက် လုံလောက်သော လုပ်ငန်းခွင်သင်တန်း နှင့် စွမ်းဆောင်ရည် မြှင့်တင်မှု သင်တန်းများကို ပြုလုပ်ပေးပြီး ဒါရိုက်တာ အဖွဲ့သည် ကော်ပိုရိတ်ယဉ်ကျေးမှုနှင့် တန်ဖိုးများကို ချမှတ်ပေး သည်။)
- ဒါရိုက်တာအဖွဲ့အား အကဲဖြတ်သုံးသပ်ချက် (ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့ကော်မတီများ၏ ထိရောက်မှုကို ဆန်းစစ်ရန်အတွက် စံနှုန်းများနှင့် လုပ်ငန်းစဉ်များကို ဖြည့်ဆည်းနိုင်သည့် စွမ်းအားတို့ကို ဆန်းစစ်နိုင်ရန် အကြံပြုပါသည်။)

NC နှင့် ARMC ဥက္ကဋ္ဌ သည် ကုမ္ပဏီ၏ တစ်ဦးတည်းသော သီးခြားလွတ်လပ်သည့် ဒါရိုက်တာ တစ်ဦးဖြစ်ပါသည်။ နှစ်စဉ် ဒါရိုက်တာအဖွဲ့ တစ်ခု လုံး၏ စွမ်းဆောင်ရည်နှင့် ဒါရိုက်တာအဖွဲ့က ၎င်း တို့၏ တာဝန်များကို ထိရောက်စွာနှင့် သင့်လျော်စွာ ထမ်းဆောင်နိုင်ရန် စီမံခန့်ခွဲမှုအဖွဲ့နှင့် ဒါရိုက် တာအဖွဲ့တို့ကြား သတင်းအချက်အလက် စီးဆင်း မှုနှင့်ဖြန့်ဝေမှုတို့၏ အရည်အသွေး၊ ပမာဏနှင့် အချိန်မှန် ဖြစ်မှုတို့ကို ဆန်းစစ် တင်ပြပါသည်။ NC သည် ၎င်း၏ တာဝန်များကို ထမ်းဆောင်ရန် အတွက် လိုအပ်သော သတင်း အချက် အလက် များကို တောင်းဆိုပိုင်ခွင့် ရှိပါသည်။ ထိုအချက်ထဲတွင် ဥပမာ အားဖြင့် ဒါရိုက်တာများ၏ နောက်ခံသမိုင်းကြောင်း၊ ဒါရိုက် တာများက ၎င်းတို့ အမှီအခိုကင်းကြောင်း ကြေညာသည့်အခါတွင် ဖြည့်သွင်းထားသည့် အချက်များလည်း ပါဝင်ပါသည်။

## အခန်း ၂။ လုပ်အားခနှင့် အကျိုးခံစားခွင့် ကိစ္စရပ်များ

### လုပ်အားခနှင့် အကျိုးခံစားခွင့် သတ်မှတ်ရေး ကော်မတီ ဖွဲ့စည်းပုံနှင့် တာဝန်

**ဦးကြည်အေး**
(ဥက္ကဋ္ဌ)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

**ဦးလင်းမြိုင်**
(အဖွဲ့ဝင်)

လုပ်အားခနှင့် အကျိုးခံစားခွင့် ငွေသတ်မှတ်ရေး ကော်မတီကို ဒါရိုက်တာအဖွဲ့ရှိ အဖွဲ့ဝင် ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမှုဆောင်မ ဟုတ်သော ဒါရိုက် တာများသာ ပါဝင်ပါသည်။ RC ကော်မတီသည် ကုမ္ပဏီ၏ လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း မူဝါဒလုပ်ငန်းစဉ်များကို စဉ်းစားဆုံးဖြတ်ပြီး ဒါရိုက်တာအဖွဲ့ကို အကြံပေး မှုများ ပြုလုပ်ပေးရပါသည်။ RC ကော်မတီသည် ကုမ္ပဏီ၏ မဟာဗျူဟာ ရည်မှန်းချက်များ ကို အထောက် အကူဖြစ်စေရန် အခကြေးငွေဆိုင်ရာ အစီအစဉ်များဖြင့် လုပ်ဆောင်ပေးခြင်းတို့ အပြင် ဒါရိုက် တာများ နှင့် အုပ်ချုပ်မှုဆိုင်ရာ အဓိက တာဝန်ရှိ ပုဂ္ဂိုလ် များ တာဝန်မှရပ်ဆိုင်း သည့်အခါတွင် ဝန်ဆောင်မှု သဘောတူညီချက် စာချုပ်ချုပ်ဆိုရာ၌ ထိုစာချုပ်ထဲတွင် မျှတပြီးကြောင်း ဆီလျော်သော အချက်များ ပါဝင်စေရန် ဆောင်ရွက်ပေး ရပါသည်။ RC ၏ တာဝန်များ အသေးစိတ်ကို CG လက်စွဲစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

### လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒ

#### ၁။ လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

လုပ်အားခနှင့် ချီးမြှင့်ငွေသတ်မှတ်ရေး ကော်မတီ (RC) သည် ဒါရိုက်တာများအတွက် အကျိုး ခံစားခွင့် များ သတ်မှတ်ရာတွင် ပွင့်လင်း မြင်သာမှုရှိကာ စနစ်တကျရှိသည့် လုပ်ထုံးလုပ် နည်းများကို ဖော်ဆောင်ပေးရပါသည်။ RC သည် ထမ်းဆောင်ရသည့် တာဝန်များနှင့် ကုမ္ပဏီအတွက် ကူညီပံ့ပိုးနိုင်မှုအပေါ် မူတည်၍ သင့် လျော်သော ခံစားခွင့်လစာများကို သတ် မှတ်ပြဋ္ဌာန်းပေးပါသည်။ လုပ်ငန်းအခြေအနေ နှင့် အခြားကုမ္ပဏီများ၏ နှိုင်းယှဉ်နိုင်သော စံနှုန်းများ၊ ကုမ္ပဏီတွင်း လုပ်ငန်းစွမ်း ဆောင် ရည်နှင့်တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်စသည့် အချက်များကို ထည့်သွင်း စဉ်းစားပြီး သတ်မှတ် ခြင်းဖြစ်သည်။ RC ၏ အသေးစိတ် တာဝန်များ ကို ဖတ်ရှုပါ။ ညှိနှိုင်းဆွေးနွေး ပြီးနောက်တွင် RC သည် ၎င်း၏ အကြံပြု ချက်များကို ဘုတ်အဖွဲ့ မှ ထောက် ခံချက်ပေးရန် တင်ပြရပါသည်။

RC အနေဖြင့် ဒါရိုက်တာများနှင့် အမှုဆောင် မဟုတ်သော ဒါရိုက်တာများထံ ပေးအပ်ထား သော တာဝန် ဝတ္တရား၊ လုပ်ပိုင်ခွင့်နှင့် ကိုက် ညီမျှ တသော၊ ကုမ္ပဏီ အတွက် လုပ်ဆောင်ပေး

နိုင်မှုနှင့် အချိုးကျထိုက်တန်သော အကျိုး ခံစားခွင့်များကို ပေးအပ်နိုင်ရန်ကျွမ်းကျင် သူများထံမှ အကြံဉာဏ်ယူ လုပ်ဆောင်ပါသည်။ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိများ အနေဖြင့် ရေရှည်တွင် ကုမ္ပဏီ၏ ကိစ္စရပ်များအပေါ် စိတ်ဝင်စားမှု အပြည့်ဖြင့် စိတ်ခွန်အားတက်ကြွစွာ စီမံခန့်ခွဲ လုပ်ဆောင်နိုင်စေရန် ၎င်းတို့အတွက် လုပ်အားခနှင့် အကျိုးခံစားခွင့်များ သတ်မှတ်ရာတွင် ဈေးကွက်တွင်း နှုန်းထားများနှင့်အညီ သတ်မှတ် လုပ်ဆောင်ပါသည်။ မည်သည့် ဒါရိုက်တာမှ မိမိကိုယ်တိုင်၏ လုပ်အားခနှင့် အကျိုးခံစားခွင့်များအတွက် သတ်မှတ်ဆုံးဖြတ်ပိုင်ခွင့် မရှိပါ။

အမှုဆောင်ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိတစ်ဦးသည် ဘဏ္ဍာရေးရလဒ်များ မှားယွင်းစွာ ဖော်ပြခြင်း (သို့) သာမန်စီးပွားရေးအခြေအနေကြောင့် နစ်နာခြင်းမှလွဲ၍ အခြားလုပ်ဆောင်မှုလွဲမှားခြင်း (သို့) လိမ်လည်လှည့်ဖြားမှုအခြေအနေများတွင်ပါဝင် နေမှုကြောင့် ကုမ္ပဏီမှ ငွေကြေးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ် ပါက နှစ်စဉ်ပေးအပ်သည့် အပိုဆုကြေးများကို RC မှ မပေးရန် ဆုံးဖြတ်ခွင့်ရှိသည်။ အမှုဆောင်ဒါရိုက်တာများနှင့် အမှုဆောင် အရာရှိများသည် တာဝန်ထမ်းဆောင်နေစဉ် ကာလတွင်သာ လုပ်အားခရရှိမှာဖြစ်ပြီး အလုပ်တာဝန်မှ ရပ်စဲခြင်းနှင့် ပင်စင်ခံစားခွင့်တို့ကို ရရှိမည်မဟုတ်ပါ။

## ၂။ လုပ်အားခနှင့် အကျိုးခံစားခွင့် အမျိုးမျိုး သတ်မှတ်ခြင်း

ဒါရိုက်တာများ၊ ဘုတ်အဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိများ၏ အခကြေးငွေ၊ အခြေခံ/ ပုံသေလစာ၊ ပြောင်းလဲနိုင်သော (သို့) စွမ်းဆောင်ရည်ဆိုင်ရာဝင်ငွေ၊ ထောက်ပံ့ကြေးများ၊ အပိုဆုကြေးများ၊ ပေးအပ်ထားသော စတော့ရှယ်ယာများ၊ ရှယ်ယာအခြေခံသည့် အပိုဆုကြေးများနှင့် အခြားအကျိုးခံစားခွင့်များ အပါအဝင် အခြားအကျိုးခံစားခွင့်များ ဆိုင်ရာမူဘောင်ကို ဘုတ်အဖွဲ့မှ ပြန်လည်သုံးသပ်အကြံပေးရန် RC မှတင်ပြရသည်။ အမှုဆောင်အရာရှိများအတွက် လစာပေးရာတွင် (အခြေခံလစာပုံစံနှင့် လိုအပ်ပါက Yoma Group ၏ လူ့စွမ်းအားအရင်းအမြစ် မူဝါဒမှ သတ်မှတ်ထားသော ပုံသေထောက်ပံ့ကြေးများ) နှင့် ပြောင်းလဲနိုင်သော အကျိုးခံစားခွင့်များအဖြစ် ရေတို အပိုဆုကြေးများဖြစ်သည့် နှစ်ကုန်တွင် ပေးအပ်သော ဘောနပ်စ်ဆုကြေးများ (နှင့်/သို့) ရေရှည်အပိုဆုကြေး အစီအစဉ်ဖြစ်သည့် ရှယ်ယာ ခွဲပေးခြင်းများနှင့် အခြားသော အကျိုးခံစားခွင့်တို့ ပါဝင်ပါသည်။

## ၃။ လုပ်အားခနှင့် အကျိုးခံစားခွင့်ကိစ္စရပ်များကို ထုတ်ပြန်ခြင်း

ယခုဖော်ပြထားသည့် လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒကို ကုမ္ပဏီ၏ ဝဘ်ဆိုဒ်တွင်သာမက နှစ်ပတ်လည်/ ဒါရိုက်တာများ၏ အစီရင်ခံစာတွင်လည်း ထုတ်ပြန်ထားပါသည်။ အမှုဆောင်အရာရှိ၏ မိသားစုဝင်များဖြစ်သော ဝန်ထမ်းများသည် ၎င်းတို့ကိုယ်တိုင်မှာ အမှုဆောင်အရာရှိ မဟုတ်သော်လည်း အမှုဆောင်အရာရှိ၏ လစာနှင့် ညီမျှသော (သို့) ပိုများသော လစာနှုန်းထားများကိုလည်း ပြဌာန်းထားသည်။

ဇယားကိုစာမျက်နှာ (၅၃) တွင် ကြည့်ရှုနိုင်ပါသည်။

## အခန်း ၃။ တာဝန်ခံမှုနှင့် စာရင်းစစ်မှု

### စာရင်းစစ် နှင့် ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်များအတွက် စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံနှင့် တာဝန်

**ပါမောက္ခဒေါက်တာအောင်ထွန်းသက်**
(ဥက္ကဋ္ဌ)

**ဦးကြည်အေး**
(အဖွဲ့ဝင်)

**ဦးသန်းအောင်**
(အဖွဲ့ဝင်)

ARMC ကို ဒါရိုက်တာအဖွဲ့ရှိ အဖွဲ့ဝင်ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး အမှုဆောင်မဟုတ်သော ဒါရိုက်တာများနှင့် လွတ်လပ်သော ဒါရိုက်တာဖြင့်သာ ဖွဲ့စည်းထားပါသည်။ ကော်မတီသည် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်၊ ဥပဒေလိုက်နာမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှု မူဘောင်တို့နှင့် ပတ်သက်သောကိစ္စရပ်များတွင် လွတ်လပ်စွာ အကြံပေးသည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်သည့် ကိစ္စ ရပ်များ အပါအဝင် အခြားလိုအပ်သည့် တာဝန် ဝတ္တရားများကိုပါ လုပ်ဆောင်၍ ဒါရိုက်တာ အဖွဲ့ကို အကူအညီပေးရပါသည်။ ARMC သည် နှစ်ဝက်တိုင်းနှင့် နှစ်ပတ်လည် ဘဏ္ဍာရေး ထုတ် ပြန်ချက်များကို ဘုတ်အဖွဲ့သို့ မတင်ပြမီ ပြန်လည် စစ်ဆေးခြင်း၊ အထူးသဖြင့် စတော့အိတ် ချိန်းနှင့် စည်းမျဉ်းပြဋ္ဌာန်းချက်များ အရ ပြောင်းလဲထား သည့် စာရင်းကိုင်မူဝါဒနှင့် အလေ့အထများ၊ ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်၊ ငွေစစ်စာရင်း နှင့် စာရင်းကိုင်စံချိန် စံညွှန်းများ အပေါ် အာရုံစိုက် စစ်ဆေးသည်။

ARMC သည် စီမံအုပ်ချုပ်သူအဖွဲ့နှင့် အလုပ်တွဲလုပ်ခြင်း၊ ညွှန်ကြားချက်များပေးခြင်းဖြင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲခြင်းတို့ကို ပြုလုပ် ကြပါသည်။ ဒါရိုက်တာအဖွဲ့၏ မဟာဗျူဟာ ရည်မှန်းချက်များကို ရရှိနိုင်ရန်အတွက် စနစ်တကျ တည်ဆောက်ထားသော ဆောင်ရွက်ချက် များဖြင့် ဆုံးရှုံးနိုင်ချေရှိသော နေရာများအား ဖြေရှင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ရပါသည်။ ARMC သည် ကုမ္ပဏီ၏ အနာဂတ် ဆုံးရှုံးနိုင်ခြေ မဟာဗျူဟာများ လက်ရှိဆုံးရှုံးနိုင်ခြေများနှင့်ထိစပ်မှုအခြေအနေများကို လေ့လာသုံးသပ်ပြီး ဒါရိုက်တာအဖွဲ့ကို အကြံပေးပါသည်။ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ARMC သည် တည်ဆဲ ဥပဒေအရ၊ သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် စည်းမျဉ်းအရ လိုအပ်သော တာဝန်များကို တာဝန်ယူလေ့ရှိပြီး ဒါရိုက်တာအဖွဲ့က အချိန်အားလျော်စွာ ချမှတ်ထားသော ARMC က တာဝန်ယူရန် လိုအပ်သော ပြင်ဆင်မှု များကိုလည်းပြုလုပ်ရန် လိုအပ်ပါသည်။ ARMC ၏ တာဝန်များ အသေးစိတ်ကို CG လက်စွဲစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

### ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံမှု

ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်ခံမှု ဒါရိုက်တာအဖွဲ့သည် အခြေခံအားဖြင့် ကုမ္ပဏီ၏ စီမံခန့်ခွဲမှု ကိစ္စများနှင့်ပတ်သက်၍ အစုရှယ်ယာ ရှင်များအား တာဝန်ခံရပါသည်။ ထို့ကြောင့် စီမံခန့်ခွဲရေးအဖွဲ့သည် တိကျမှန်ကန်သည့် သတင်းအချက်အလက်များနှင့် ပြောင်းလဲတိုးတက်မှုများအား အချိန်နှင့်တစ်ပြေးညီ ဒါရိုက်တာအဖွဲ့အား အသိပေးခြင်းမှာ အထူးအရေးကြီးသည်ကို သိရှိနားလည် ထားပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီကိုယ်စား အသိပေးထားသည့် ဆုံးဖြတ်ချက်များအား ချမှတ်နိုင်ရန် မှန်ကန်သည့် သတင်း အချက်အလက်များ ရှိရပါမည်။ ဒါရိုက်တာအဖွဲ့ သည် ပြန်လည်သုံးသပ်ခြင်း နှင့် အတည်ပြုခြင်း တို့ကို ဆောင်ရွက်ပြီး ရှယ်ယာရှင်များအား တိကျရှင်းလင်းသော ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ်အစီရင်ခံစာများကို ပေးအပ်နိုင်ရန် အတွက် ကုမ္ပဏီ၏ နှစ်ပတ်လည် ဘဏ္ဍာရေး အစီရင်ခံစာများအား မထုတ်ပြန်မီ ကြိုတင်ဖတ်ရှု အတည်ပြုချက် ပေးရပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် ဝင်ငွေအပေါ် သက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်တိုင်းကို ဘုတ်အဖွဲ့မှ ပြန်လည်သုံးသပ်ပါသည်။ ထို့အပြင် အစုရှယ်ယာရှင်များအတွက် အမြတ်ဝေစု ခွဲဝေပေးခြင်းအတွက် အကြံပြုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ချက်အတွက် အတည်ပြုချက်ပေးခြင်း၊ ကုမ္ပဏီ၏ အဓိကပိုင်ဆိုင်မှုများကို ဝယ်ယူခြင်း (သို့) ရောင်းချခြင်းနှင့် ဒါရိုက်တာ များခန့်အပ်ခြင်း ကိစ္စရပ်များအတွက် အကြံပြု အတည်ပြုရပါသည်။ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိစေသည့် ဘဏ္ဍာရေးနှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ၊ နည်းဗျူဟာများနှင့် စီမံကိန်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် ဘုတ်အဖွဲ့မှ အကြံပေးပါ သည်။

### ကုမ္ပဏီတွင်း စာရင်းစစ်မှု

ဆုံးရှုံးနိုင်ခြေရှိမှုပေါ် အခြေပြုသော ကုမ္ပဏီတွင်း စာရင်းစစ်မှုသည် ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေရှိမှု စီမံခန့်ခွဲခြင်းအဖွဲ့မှ ဆောင်ရွက်နေသော အဓိကလုပ်ငန်း တစ်ခုဖြစ်ပါသည်။ ဆုံးရှုံးနိုင်ခြေရှိမှု စီမံခန့်ခွဲခြင်း၊ ထိန်းချုပ်မှုနှင့် စီမံအုပ်ချုပ်မှု လုပ်ငန်းစဉ်များအား ထိရောက် တိုးတက်မှုရှိစေရန် စနစ်ကျ၍ စည်းကမ်းကျသော နည်းလမ်း တစ်ရပ် ဖြစ်လာစေရေးနှင့် ရည်မှန်းချက်အတိုင်း ပြီးမြောက်စေရေးကို အထောက်အကူပြုနိုင်ရန် အောက်ပါအတိုင်း လုပ်ဆောင်လျက် ရှိပါသည်။

- လုပ်ငန်းစုအတွင်းရှိလာနိုင်သည့်ဆုံးရှုံးနိုင်ခြေများနှင့် လုပ်ငန်းစုမှ ကော်ပိုရိတ် ရည်မှန်းချက်များပြည့်မီရန် လုပ်ဆောင်ရင်း ကြုံတွေ့

နိုင်သည့် ပြင်ပအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း

- လုပ်ငန်းစုအနေဖြင့် ကြုံတွေ့နေရသည့် အန္တရာယ်များကို အတိုင်းအတာတစ်ခုအထိ ဆုံးဖြတ်နိုင်စေရန်အတွက် သတ်မှတ်ထားသော အန္တရာယ်အားလုံးကို မှန်ကန်သော နည်းလမ်းဖြင့် အကဲဖြတ်အဆင့်သတ် မှတ်ခြင်း
- သတ်မှတ်ထားသော ထိန်းချုပ်မှု (သို့) ဆိုင်းငံ့ထားသော ထိန်းချုပ်မှု လုပ်ငန်းစဉ်များဖြင့် ခွဲခြား သတ်မှတ်ထားသောဆုံးရှုံး နိုင်ခြေများကို ပြန်လည် ကောင်းမွန်လာအောင် ကုစားခြင်း
- ခွဲခြားသတ်မှတ်ထားသော ဆုံးရှုံးနိုင်ခြေများ၏အခြေအနေ ပြောင်းလဲလာမှု နှင့် အသစ်ထပ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်မှုများကို ဂရုစိုက် စောင့်ကြည့်ခြင်း
- အရေးကြီးသည့် ဆုံးရှုံးနိုင်ခြေများနှင့် သတ်မှတ်ထားသော ထိန်းချုပ်မှု (သို့) ဆိုင်းငံ့ထားသော ထိန်းချုပ်မှု လုပ်ငန်းစဉ်များကို ARMC နှင့် ဘုတ်အဖွဲ့ထံ အချိန်မှန်တင်ပြခြင်း

## လွတ်လပ်သော (ကုမ္ပဏီပြင်ပ) စာရင်းစစ်အဖွဲ့

ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီများ၏ ၂၀၂၄ ဘဏ္ဍာနှစ် စာရင်းများကို စစ်ဆေးရန်အတွက် Excellent Choice Professional Limited - စင်္ကာပူရှိ CLA Global TS Public Accounting Corporation လက်အောက်ခံဖြစ်သည့် (“Excellent Choice”) ကို ပြင်ပစာရင်းစစ်အဖွဲ့အစည်းအဖြစ် ရွေးချယ် ထားပါသည်။ ထိုပြင်ပ စာရင်းစစ်အဖွဲ့အစည်း၏ အစီရင်ခံစာကို ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ထုတ်ပြန်သော နှစ်ပတ်လည် အစီရင်ခံစာ၏ လွတ်လပ်သော စာရင်းစစ် အစီရင်ခံစာ ကဏ္ဍတွင် ဖော်ပြထားပါသည်။ ကုမ္ပဏီသည် စာရင်းကိုင် များအတွက် နိုင်ငံတကာ ကျင့်ဝတ် စံနှုန်းများ အဖွဲ့ (“IESBA”) မှ ချမှတ်ထားသော ပုဒ်မ ၂၉၀ - သီးခြား လွတ်လပ်မှုကို လိုက်နာပါသည်။ ထို ပုဒ်မ၏ ဆိုလိုချက်မှာ ကုမ္ပဏီနှင့် ဆက်စပ်နေသာ အဖွဲ့အစည်းများအား စာရင်းစစ်က စာရင်းနှင့် မသက်ဆိုင်သော အကြံပြုချက်များကို ပေးအပ်ခြင်းမပြုရဟူ၍ ဖြစ်ပါသည်။

## နှစ်ပတ်လည်အစီရင်ခံစာများ ထုတ်ဝေခြင်း

ကုမ္ပဏီအနေဖြင့် ဘဏ္ဍာရေးနှစ် ကုန်ဆုံးချိန်မှရက်ပေါင်း ၉၀ အတွင်း ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း များနှင့် နှစ်ပတ်လည် အစီရင်ခံစာများကို ထုတ်ဝေရမည်ဟူသော ငွေချေးသက်သေခံ လက်မှတ်များနှင့် ဖလှယ်ခြင်းဆိုင်ရာ စည်း မျဉ်းများကို တိတိကျကျ လိုက်နာပါသည်။ ထိုရှင်းတမ်းများတွင် ကုမ္ပဏီ၏ ဘဏ္ဍာရေး အခြေအနေပေါ် တွင် မှန်ကန်သော၊ မျှတသော အမြင်များကို ဖော်ပြသည့် စုပေါင်းဘဏ္ဍာရေး ရှင်းတမ်းများ ဖြစ်ကြောင်း ဒါရိုက်တာများ၏ ဝန်ခံကြေညာချက်လည်း ပါဝင်ပါသည်။ ဘဏ္ဍာရေးရှင်းတမ်းများ၊ ကုမ္ပဏီ၏ နှစ်ပတ်လည်အစီရင်ခံစာများ၊ စျေးနှုန်းအပေါ်သက်ရောက်မှုရှိနိုင်သော သတင်းအချက်အလက်များအား YSX အင်တာနက် စာမျက်နှာ၊ ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ၊ သတင်းထုတ်ပြန်ချက်နှင့် သတင်းစာရှင်းလင်းပွဲများတွင် ကြေညာချက်များ ထုတ်ပြန်၍ ရှယ်ယာရှင်များထံ ဖြန့်ဝေပါသည်။

## အသိပေးတိုင်ကြားခြင်းမူဝါဒ

ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီတွင်းဌာနများတွင် ရိုးသားဖြောင့်မတ်မှုနှင့် တာဝန်ခံမှုတို့ ရှိစေ ရန် စိတ်ပိုင်းဖြတ် ထားပါသည်။ ဤသို့ စိတ်ပိုင်းဖြတ်ထားသည်နှင့်အညီ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ မရိုးသားမှုများ၊ မဆီလျော်မှုများအား အသိပေးတိုင် ကြားသည့် လုပ်ထုံးလုပ်နည်း (“မူဝါဒ”) ကို ချမှတ်ထား ပြီးဖြစ်ပါသည်။ ကုမ္ပဏီ၏ ဆောင်ရွက်ချက် များနှင့် ပတ်သက်၍ စိုးရိမ်စရာများ တွေ့ရှိရပါက ထိုစိုးရိမ်ချက်များကို ထုတ်ဖော်ပြောကြားနိုင် ပြီး ကုမ္ပဏီအနေဖြင့် ဆက်လက်၍ လျင်မြန်စွာ အရေးယူမည် ဖြစ်ပါသည်။

ဤမူဝါဒသည် ကုမ္ပဏီနှင့် ၎င်း၏ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ အရာရှိများက တစ်စုံတစ်ရာ မရိုးသားမှုများ ပြုလုပ်သည်ကို ဖော်ထုတ်တိုင်ကြားခံရပါက မြန်ဆန်ထိရောက်သောနည်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း၊ စေ့စပ်သေချာစွာ စုံစမ်းစစ်ဆေးခြင်းနှင့် လိုအပ်သလို ကုစားမှု လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ကုမ္ပဏီ၏ အာမခံချက်ကို တိကျရှင်းလင်းပြတ်သားသော ထုတ်ပြန်ချက် တစ်ရပ်ဖြစ်ပါသည်။ ထိုမူဝါဒသည် ဝန်ထမ်းများအား ကုမ္ပဏီအတွင်း ဖြစ်နိုင်ချေရှိသော စိုးရိမ်စရာများကို ပြင်ပတွင် အခြားနည်းလမ်းများဖြင့် အဖြေမရှာပဲ ထုတ်ဖော်ပြောဆိုစေရန် အားပေးထားသော မူဝါဒဖြစ်ပါသည်။ ထိုကဲ့သို့ မသင့်လျော် မရိုးသားသော ဖြစ်ရပ်များ အနာဂတ်တွင် ထိုကဲ့သို့ မဖြစ်ပေါ်စေရေး အတွက် ကြိုတင်တားဆီးကာကွယ်နိုင်မည့် မူဝါဒများ ချမှတ်ရန် အစွမ်းကုန် ကြိုးစားသွားမည် ဖြစ်ပါသည်။ အကယ်၍ တိုင်ကြားခံရသူက ဒါရိုက်တာတစ်ဦးဖြစ်ပါက သို့မဟုတ် အဆင့်မြင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်တစ်ဦး သို့မဟုတ် အမှုဆောင်မဟုတ်သော ဒါရိုက်တာဖြစ်ပါက ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌ သိရှိစေရန်နှင့် ဆက်လက်အရေးယူနိုင်ရန် တင်ပြမှုများကို ပြုလုပ်ရပါမည်။

သတင်းပေးတင်ပြသည့် လမ်းကြောင်းသည် ဝန်ထမ်းများအား တာဝန်ယူမှုရှိစွာ တုံ့ပြန်နိုင် ရန် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ဘက်လိုက်မှုမရှိဘဲ ကာကွယ်ထိန်း သိမ်းနိုင်ရန်နှင့် အများပြည်သူ၏ ယုံကြည် စိတ်ချမှုကို ထိန်းသိမ်းနိုင်ရန်ဖြစ် ပါသည်။ အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှုရှိသော ယဉ်ကျေးမှုကို မွေးမြူပျိုးထောင်ခြင်းဖြင့် ဤဖြစ်စဉ်ကို အရှိန်မြှင့်တင်နိုင်ပြီး ကူညီရာရောက်ပါသည်။ ဤမူဝါဒ၏ နောက်ခံသမိုင်းကြောင်းနှင့် သတင်းပေးတင်ပြနိုင်သည့် လမ်းကြောင်းတို့ကို ကုမ္ပဏီ အင်တာနက်စာမျက်နှာတွင် ရှင်းပြထားပါသည်။

## ဆက်နွယ်ပတ်သက်သည့်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများမူဝါဒ

ဆက်နွယ်ပတ်သက်သည့်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ မူဝါဒ (“RPT မူဝါဒ”) သည် PRTS နှင့် အခြားသက်ဆိုင်ရာ မူဝါဒများကို ချမှတ်ပေးရန်နှင့် ပြန်လည်စီစစ်သုံးသပ်ခြင်းများ၊ ခွင့်ပြုချက်ပေးခြင်းများ၊ ကုမ္ပဏီ ဘုတ်အဖွဲ့ဝင်များနှင့် ရှယ်ယာရှင်တို့၏ ဆက်သွယ်ဆောင်ရွက်မှုများကို ထိန်းချုပ်ကြီးကြပ်နိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်ချက်များကို ချမှတ်ပေးရန် ရည်ရွယ်ပါသည်။ PRTs နှင့် အခြားသက်ဆိုင်ရာ မူဝါဒများကို SECM နှင့် International Accounting Standard 24 (“IAS 24”) မှ သတ်မှတ်ထားသော ညွှန်ကြားချက် ၃/၂၀၂၀ ၏ လိုအပ်ချက်များနှင့်အညီ ထုတ်ပြန်ကြေ ညာပါသည်။

ထို RPT မူဝါဒသည် ကုမ္ပဏီအုပ်စု နှင့် အခြား ဆက်စပ်အဖွဲ့အစည်းများ (“RPs”) အတွက် အကျုံးဝင်ပါသည်။ RPT မူဝါဒသည် ဆက်စပ်သက်ဆိုင်သူများနှင့် ဆက်သွယ်ဆောင်ရွက်မှုများ၊ အရောင်းအဝယ်များ ပြုလုပ်ရာတွင် မလိုလားအပ်သည့် ပြဿနာများ မဖြစ်စေရန်နှင့် သာမန်စီးပွားရေးဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာစေခြင်းဖြင့် ကုမ္ပဏီနှင့် ၎င်း၏ လူနည်းစု အစုရှယ်ယာရှင်များကို ထိခိုက်မှု မရှိအောင် ကာကွယ်ပေးပါသည်။

ထိုမူဝါဒ၏ ရည်ရွယ်ချက်မှာ

၁။ RPTs နှင့် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဆိုင်ရာ ပြဿနာရပ်များကို ခွဲခြားသတ်မှတ်ပေးနိုင်ရန်။

၂။ ဆက်သွယ်ဆောင်ရွက်မှုများအတွက် ရပ်ပစ္စည်းဝတ္ထုဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ပေးနိုင်ရန်။

၃။ ရုပ်ပစ္စည်းဝတ္ထုဆိုင်ရာ မဟုတ်သည့် ဆက်သွယ်ဆောင်ရွက်မှုများ အတွက် အတည်ပြု ပေးနိုင်ရန်။

၄။ ကုမ္ပဏီနှင့် အစုရှယ်ယာရှင်များ၏ အကျိုးအတွက် မည်သည့်ဆက်နွယ်ပတ်သက် သူများမဆို ပြုလုပ်သည့် ဆောင်ရွက်မှုများအတွက် ပုဒ်မ ၃/၂၀၂၀ နှင့် ကုမ္ပဏီ၏ ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊ သတင်းပေးပို့ခြင်းများကို စနစ်တကျ လုပ်ဆောင်နိုင်ရန်။

RPT မူဝါဒအသေးစိတ်ကို CG လက်စွဲစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

# အခန်း ၄။ ရှယ်ယာရှင်များ၏ အခွင့်အရေး များ နှင့် ထိတွေ့ဆက်ဆံမှု

## ၄.၁။ အကျိုးစီးပွား သက်ဆိုင်သူများ၏ အခွင့်အရေး များနှင့် အထွေထွေ အစည်းအဝေးများ ကျင်းပခြင်း

### ရှယ်ယာရှင်များ၏ အခွင့်အရေးများ

ကုမ္ပဏီသည် ရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူ အသိုက်အဝန်းနှင့် သတင်းမီဒီယာတို့အား ဆက် သွယ်ရန်အတွက် ပွင့်လင်းမြင်သာမှုရှိသော ထုတ်ဖော်ကြေညာချက်များ ထုတ်ပြန်ရန် ကတိ ကဝတ်ပြု ထားပါသည်။ ကုမ္ပဏီသည် ဆက် သွယ်ရေး စနစ်တစ်ခုကို တည်ဆောက်ပြီး ရှယ်ယာရှင်များထံသို့ ဘဏ္ဍာရေး အချက်အ လက်များ၊ ရှယ်ယာဈေးနှုန်းကို သက်ရောက်မှု ရှိသော အချက်အလက်များ ပြည့်စုံစွာဖြင့် အချိန်မှန် ပေးပို့လျက် ရှိပါသည်။ တစ်နှစ် လျှင် နှစ်ကြိမ် ဘဏ္ဍာရေး ရလဒ်များ ထုတ်ပြန်ခြင်း၊ စီမံခန့်ခွဲ မှုအဖွဲ့၏ဆွေးနွေးမှုနှင့် ဆန်းစစ် လေ့လာမှုများ အပါအဝင် အခြားသော သတင်း အချက်အလက် များထုတ်ပြန်ခြင်းကို အပြောင်း အလဲများရှိသည့် အခါတိုင်း YSX နှင့် ကုမ္ပဏီ၏ အင်တာနက် စာမျက်နှာ https://fmi.com.mm/investors/announcements/ တို့တွင် အချိန်နှင့် တစ်ပြေး ညီ ကြေညာပါသည်။ သတင်းထုတ် ပြန်ချက်များ၊ အကဲဖြတ်မှုများနှင့် သတင်းစာ ရှင်းလင်းပွဲပြုလုပ် ခြင်းတို့ကိုလည်း ကြီးမား သောဖြစ်ပေါ် တိုး တက် မှုများ ရှိသည့်အခါတိုင်း တွင် ကုမ္ပဏီအမှုဆောင် အရာရှိများကိုယ်တိုင် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီ၏ နောက် ဆုံးဘဏ္ဍာရေး ရလဒ်များ၊ နှစ်ပတ်လည်အစီ ရင်ခံစာများ၊ သတင်းစာ ရှင်းလင်းပွဲတွင် တင်ပြ ခဲ့သည့် အကြောင်းအရာများအား အင်တာနက် စာမျက်နှာတွင် အချိန် ကာလနှင့်တကွ ဖော်ပြ ထားပါသည်။ ရင်းနှီး မြှုပ်နှံသူများနှင့် ဆက်ဆံ ရေးဟူသော အင်တာနက်စာမျက်နှာ တစ်ခုကို လည်း ဖန်တီးထားပြီး ရှယ်ယာနှင့် ဘဏ္ဍာရေး အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးလျက်ရှိပါသည်။ ရင်းနှီး မြှုပ်နှံမှုများ နှင့် အခြားသော စုံစမ်းမေး မြန်းမှုများအတွက် ဆက်သွယ်ရမည့် လိပ်စာအသေး စိတ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Corporate Office
info-fmi@yoma.com.mm
+၉၅-၁-၃၆၈၇၇၆၆
https://fmi.com.mm
သည်ကမ်းပတ်စ်၊ ၁ ရုံးများရိပ်သာဝန်း၊
ကုက္ကိုရိပ်သာလမ်း၊ ပန်းလှိုင်အိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့
၁၁၄၀၁၊ မြန်မာ။

### အထွေထွေအစည်းအဝေးများ ကျင်းပခြင်း

ကုမ္ပဏီသည် အထွေထွေအစည်းအဝေးပွဲများ တွင် ရှယ်ယာများ တက်ကြွစွာ ပါဝင်ဆင်နွှဲခြင်း ကို အားပေးပါသည်။ AGM အစည်းအဝေး အကြောင်းကြား စာများနှင့် သက်ဆိုင်ရာ သ တင်းအချက်အလက်များကို (၂၈)ရက် ကြိုတင် ၍ ပေးပို့ပါသည်။ AGM တွင် လုပ်ဆောင်ရမည့် အသေးစိတ်အချက်အလက်များကို မှတ်စုများ လမ်းညွှန်ချက်များနှင့်တကွ အင်္ဂလိပ်မြန်မာ နှစ် ဘာသာဖြင့် ရှင်းပြထားပါသည်။ AGM အကြောင်းကြားစာများကို ပြည်တွင်း နေ့စဉ် သတင်းစာများတွင် ကြော်ငြာများ ထည့်သွင်းခဲ့ ပြီး ပုံမှန်အားဖြင့် အကြောင်းကြားစာ စာအုပ် များနှင့် နှစ်ပတ်လည် အစီရင်ခံစာများကို စာတိုက် မှတဆင့်ပေးပို့ပါသည်။ ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေးများကို အများပြည် သူ သွားလာရလွယ်ကူသော မြို့လယ်ခေါင်များ တွင် နှစ်စဉ်ကျင်းပလေ့ရှိပါသည်။ အစည်း အဝေးမတက် ရောက်နိုင်သော ရှယ်ယာရှင် များသည်လည်း ၎င်းတို့ကိုယ်စား တက်ရောက် မဲပေးမည့်သူကို စေလွှတ်နိုင်ပါသည်။ ကိုယ်စား လှယ်လွှဲစာများကို ကုမ္ပဏီ ရုံးချုပ် သို့ AGM မစ တင်မီ (၄၈)နာရီ ထက် နောက်မကျဘဲ ပို့ပေးရ မည် ဖြစ်ပါသည်။ လက်ထောင်၍ မဲခွဲသည့် စနစ်ဖြစ်သည့်အတွက် ရှယ်ယာရှင်တိုင်း တစ်မဲ ပေး ပိုင်ခွင့်ရှိပြီး ရှယ်ယာရှင် တစ်ယောက် ပိုင်ဆိုင်သော ရှယ်ယာတစ်စုအတွက် တစ်မဲရ မည် ဖြစ်သည်။ AGM တွင် အတည်ပြုလိုက် သော ဆုံးဖြတ်ချက် တစ်ခုစီ တိုင်း ကိုလည်း YSX နှင့် ကုမ္ပဏီ၏ အင်တာနက် စာမျက်နှာတို့တွင် ထုတ် ပြန်ကြေညာပါသည်။ ရှယ်ယာရှင်များ သည် ဆုံးဖြတ်ချက်ချ မှတ် ရာတွင်ပါဝင် ဆင်နွှဲ ခွင့်ရှိပြီး ရှယ်ယာခွဲဝေခြင်း၊ ရှယ်ယာထုတ်ဝေ ခြင်း၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင် ခြင်း အစရှိသည့် ကိစ္စရပ်များတွင် ဝင်ရောက် ဆုံးဖြတ်ခွင့် ရခဲ့ပါသည်။ AGM ၏ အခမ်းအနား အစီအစဉ်များတွင် အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်ဒါရိုက်တာက ရှယ်ယာရှင်များအား ကုမ္ပဏီ၏ ကုန်ခဲ့သောနှစ်အတွင်း ယေဘုယျ စွမ်းဆောင်ရည်နဲ့ ပတ်သက်ပြီး ရှင်းလင်း တင်ပြပါသည်။ အစု ရှယ်ယာရှင် များသည် ၎င်း တို့၏ စိတ်ကူးများ၊ အယူအဆများကို တင်ပြခွင့် ရှိပြီး ကုမ္ပဏီနှင့်ကုမ္ပဏီအုပ်စု အကြောင်း မေးခွန်းများမေးရန် အခွင့်အရေးရ ရှိပါသည်။ ဒါရိုက်တာများနှင့် အရေးကြီး အမှုဆောင် အရာရှိများလည်း အဆိုပါ အစည်းအဝေးသို့ တတ်ရောက်ပြီး တင်ပြသည့်ကိစ္စများနှင့် မေးခွန်းများကို ဖြေရှင်းပေးပါသည်။

## ၃၂ ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေ အစည်းအဝေး

COVID-19 ကူးစက်ရောဂါ အန္တရာယ်နှင့် နိုင်ငံ ရေး အခြေအနေကြောင့် ကုမ္ပဏီ၏ ၃၂ ကြိမ် မြောက် နှစ်ပတ်လည် အထွေထွေအစည်း အဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ တွင် ကုမ္ပဏီ၏ ရုံးချုပ်မှနေ၍ အွန်လိုင်း (http://agm.fmi.com.mm)တွင် တိုက်ရိုက် ထုတ်လွှင့် ပြသခဲ့ပါသည်။ တက်ရောက်မည့် ရှယ်ယာရှင် များအနေဖြင့် ကြိုတင်စာရင်း ပေးသွင်းရကာ ၃၂ ကြိမ်မြောက် အထွေထွေ အစည်းအဝေးတွင် တင်ပြမည့် ဆုံးဖြတ်ချက် များကို ကုမ္ပဏီမှ စီစဉ် ထားသော မဲပေးစနစ်ကို အသုံးပြု၍ အဝေးမှ မဲ ပေးနိုင်ပါသည်။ ထို့အပြင် ကုမ္ပဏီမှ ၎င်း၏ ကုမ္ပဏီစီမံခန့်ခွဲအုပ်ချုပ်မှုကို မြှင့်တင်လိုသည့် အနေဖြင့် အထွေအထွေအစည်း အဝေးတွင် လက်ခံရရှိသည့် မဲများကိုရေတွက်ပြီး အတည် ပြုရန် ပြင်ပအဖွဲ့အစည်းတစ်ခုဖြစ်သည့် Laura & Associates မှ တာဝန်ယူ လုပ်ဆောင်စေခဲ့ ပါသည်။ ဆုံးဖြတ်ချက် တစ်ခုချင်းစီအတွက် ရရှိ သည့် မဲစာရင်းရလဒ်များကို ထောက်ခံမဲနှင့် ဆန့်ကျင်မဲအလိုက် ရာခိုင်နှုန်းများဖြင့် YSX နှင့် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်များတွင် ထုတ်ပြန်ကြေညာ ပါသည်။

### အမြတ်ဝေစုမူဝါဒ

ကုမ္ပဏီသည် ဘဏ္ဍာရေး စွမ်းဆောင်ရည်၊ ရေတိုနှင့် ရေရှည်အရင်းအနှီး လိုအပ်ချက်များ၊ အနာဂတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များနှင့် အထွေထွေ စီးပွားရေး အခြေအနေများကို ထည့် သွင်းစဉ်းစားပြီး တစ်နှစ်လျှင် တစ်ကြိမ် အစု ရှယ် ယာရှင်များအား အမြတ်ဝေစု ထုတ်ပေး သည့် အမြတ်ဝေစု မူဝါဒကို အကောင် အထည် ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရှယ်ယာရှင် များ၏ မျှော်မှန်းချက်နှင့် ကုမ္ပဏီ၏ အရင်းအနှီး များအား အမျှော်အမြင်ရှိစွာ စီမံခန့်ခွဲမှုကြား တွင် မျှတစွာ စဉ်းစားလျက် ဒါရိုက်တာအဖွဲ့က လွတ်လပ်စွာ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။ ဒါရိုက် တာအဖွဲ့သည် ထိုအမြတ် ဝေစုမူဝါဒကို အချိန် အားလျော်စွာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန် လုပ်ပိုင်ခွင့်အပြည့် အဝရှိ ပါသည်။ အမြတ်ဝေစုများ ပေးအပ်သည့်နေရာ တွင် ရှယ်ယာရှင်များအားလုံးကို တန်းတူညီမျှ စွာ ဆက်ဆံပြီး ဒါရိုက်တာအဖွဲ့၏ အကြံပြုချက် အတိုင်း AGM တွင် ရှယ်ယာရှင်များက အတည် ပြုပေးပါသည်။ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ မဟာဗျူဟာ လိုအပ်ချက်များ၊ လုပ်ငန်းတိုးချဲ့ ခြင်း အစီအစဉ်များကို သုံးသပ်၍ ၂၀၂၄ မတ်လ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစု မပေးရန် အကြံပြုခဲ့ပါ သည်။

## ၄.၂။ အကျိုးစီးပွား သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံမှု

### ကော်ပိုရိတ် တန်ဖိုးထားမှုများနှင့် စီးပွားရေး လုပ်ငန်း လုပ်ဆောင်ပုံနည်းလမ်းများ

ကုမ္ပဏီသည် ကုမ္ပဏီအုပ်စုအတွင်းရှိ ဒါရိုက်တာ အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများ အားလုံးအတွက် လုပ်ငန်းဆိုင်ရာကျင့်ဝတ် (“COC”) ကိုရေးဆွဲချမှတ်ထားပါသည်။ COC သည် ဝန်ထမ်းအဆင့် တိုင်းအတွက် လိုက်နာရ မည့် အခြေခံစည်းမျဉ်းဖြစ်ပြီး ကုမ္ပဏီအုပ်စုက COC ၏ သဘောတရားများအတိုင်း လိုက်နာရ မည် ဖြစ်သည်။ ကုမ္ပဏီ၏ အကျိုးစီးပွား သက်ဆိုင် သူများနှင့်ဆက်ဆံသည့်အခါတွင် အမြင့်မားဆုံး ဂုဏ်သိက္ခာဖြင့် တာဝန်နှင့် ဝတ္တရားများကို ဖြည့်ဆည်းရန်လိုအပ်ပါသည်။ COC ကိုလိုက်နာမှုရှိစေရန် နည်းလမ်းများကို ချမှတ်ထားပြီး COC ကို ဖောက်ဖျက်ပါက စည်း ကမ်းထိန်းသိမ်းရေး ဆောင်ရွက်ချက်များဖြင့် ရင်ဆိုင်ရမည် ဖြစ်ပါသည်။ ဒါရိုက်တာ အဖွဲ့က ကုမ္ပဏီ၏ အမှတ်လက္ခဏာနှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုအတွက် အချက်အချာကျသည့် မြင့်မား သော ကိုယ်ကျင့် သိက္ခာစံနှုန်းကို ထိန်း သိမ်းရန် စိတ်ပိုင်းဖြတ် ထားသည့်အလျောက် ကုမ္ပဏီ သည် အောက်ပါ ကော်ပိုရိတ်မူဝါဒများကို လက်ခံကျင့်သုံးလျက်ရှိပါသည်။

- လာဘ်ပေးလာဘ်ယူ ဆန့်ကျင်ရေးမူဝါဒ
- အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေးမူဝါဒ
- လုပ်ငန်းဆိုင်ရာကျင့်ဝတ်
- အကျိုးစီးပွား ပဋိပက္ခဖြစ်ခြင်းဆိုင်ရာမူဝါဒ
- ကော်ပိုရိတ် လူမှုတာဝန်ချဉ်းကပ်မှု
- မတူကွဲပြားခြင်းအတွက်မူဝါဒ
- ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုမူဝါဒ
- ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးမူဝါဒ
- လူ့အခွင့်အရေးမူဝါဒ
- မြေသိမ်းဆည်းခြင်းမူဝါဒ
- ရေတိုဘဏ္ဍာရေး အကျိုးအမြတ်ကို ကျော်လွန်၍ ကုမ္ပဏီ၏ စွမ်းဆောင်ရည်အတွက် ဆချိန်းမြင့်သည့် အလေ့အထ
- ပရော်ဖက်ရှင်နယ်ဖွံ့ဖြိုးရေးမူဝါဒ (Professional Development Policy)
- သက်ဆိုင်ရာ ပါတီ အရောင်းအဝယ် မူဝါဒ (Related Party Transaction Policy)
- လုပ်အားခနှင့် အကျိုးခံစားခွင့်ဆိုင်ရာ မူဝါဒ
- အကျိုးစီးပွားဆက်နွယ်သူများနှင့် ထိတွေ့ဆက်ဆံခြင်း
- အသိပေးတိုင်ကြားခြင်းမူဝါဒ

အဆိုပါ မူဝါဒများကို ကုမ္ပဏီ၏ အင်တာနက်စာမျက်နှာ https://fmi.com.mm/governance/corporate policies/ တွင် ဝင်ရောက်ဖတ်ရှု နိုင်ပါသည်။ လုပ်ငန်းခွင်အတွင်း မှားယွင်းသော လုပ်ဆောင်ချက်များကို ကျူးလွန်မိနိုင်ခြင်းများကို ကုစားရန် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို ကုမ္ပဏီက ပြဋ္ဌာန်းထားပါ သည်။ ကုမ္ပဏီ အုပ်စုကို ကိုယ်စားပြုသည့် ပြင်ပအဖွဲ့အစည်း များဖြစ်သော ကိုယ်စားလှယ်များ၊ ကြားခံများ၊ အတိုင်ပင်ခံများ၊ စီးပွားရေးမိတ်ဖက်များ၊ ပစ္စည်းထောက်ပံ့ပေးသူများ အပါအဝင် ကုမ္ပဏီ၏ ဝန်ထမ်းတိုင်းက ထိုမူဝါဒများကို နားလည်ပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

## အကျိုးစီးပွား သက်ဆိုင်သူများနှင့် ဆက်ဆံရေးအား စီမံခန့်ခွဲခြင်း

အခြားသော ဈေးကွက်အတွင်းမှ ကုမ္ပဏီများကဲ့သို့ပင် ကုမ္ပဏီသည်လည်း ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝန်းကို တိုးချဲ့ရန်ကြိုးစားလျက် ရှိပါသည်။ ရှယ်ယာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများ၊ လေ့လာဆန်းစစ်သူများအား ပြပွဲများ၊ အစည်းအဝေးများ၊ အလုပ်ရုံ သင်တန်းများကို ပြည်တွင်းနှင့်ပြည်ပ နှစ်ခုစလုံးတွင် ပါဝင်ခြင်းဖြင့် ထိတွေ့ဆက်ဆံ လျက် ရှိပါသည်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းများမှတဆင့် ရင်းနှီးမြှုပ်နှံသူများနှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံလျက်ရှိပြီး ကုမ္ပဏီ၏ တန်ဖိုးအခြေအနေကို ဖော်ပြ၍ ပိုမိုတိုးတက် ကောင်းမွန်ရန် ရင်းနှီးမြှုပ်နှံသူများထံမှ တုံ့ပြန်မှတ်ချက်များကိုလည်း လက်ခံနားထောင်လျက် ရှိပါသည်။ ကုမ္ပဏီသည် ၎င်းနှင့် အကျိုးစီးပွား သက်ဆိုင်သူများကို တန်ဖိုး ထားလေးစားပြီး ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီ ချက်၏ အခြေခံစည်းမျဉ်း (၁၀) ခုအား လက်ခံကျင့်သုံးရန် ကတိပြုခဲ့ပါသည်။ ကော်ပိုရိတ် လူမှုတာဝန်မူဝါဒတွင် ပြသထားသည့်အတိုင်း ကုမ္ပဏီသည် ရပ်ရွာလူထု၏ တန်ဖိုးကိုဖန်တီးရန် ရည်ရွယ်သည့် လူထုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိ ပါသည်။

## ဝန်ထမ်းပါဝင်မှု

ကုမ္ပဏီတွင် ၎င်း၏ ဝန်ထမ်းများပါဝင်မှုနှင့် လုပ်ငန်းခွင် အတွင်းပါဝင်မှု အားကောင်းလာစေရန် မူဝါဒများနှင့် အစီအစဉ်များထားရှိပါသည်။ ဤထိတွေ့ဆက်ဆံမှု အစီအစဉ်များနှင့် ပတ်သက်သည့် နောက်ထပ် သတင်းအချက်အလက်များအား သိရှိနိုင်ရန်အတွက် ကုမ္ပဏီ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

## အစုရှယ်ယာရောင်းဝယ်ရေး

မြန်မာနိုင်ငံ၏ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၅၅ (က) အရ “မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။” ဟု ဖော်ပြထားသည်နှင့် အညီ ၂၀၁၆ ခုနှစ်တွင် YSX တွင် ကုမ္ပဏီစာရင်း သွင်းပြီး နောက်ပိုင်း ကုမ္ပဏီသည် အကြောင်း အမျိုးမျိုးကြောင့် အထူးစာရင်းမှ ငွေချေး သက်သေခံလက်မှတ်စာရင်းသို့ ပြောင်းလဲခြင်း မရှိသေးသည့် ၎င်း၏ရှယ်ယာရှင်များအား ချောမွေ့စွာ ပြောင်းလဲနိုင်ရန် တက်ကြွစွာထိတွေ့ဆက်ဆံခြင်းနှင့် အားပေးခြင်းများ ပြုလုပ်ခဲ့သည်။ သို့ မှသာမြန်မာနိုင်ငံ စတော့အိတ်ဈေးကွက် တစ် ခုလုံးတွင် နိုင်ငံတကာစံချိန် စံညွှန်းနှင့်အညီ book-entry transfer system ကို အပြည့်အဝ အကောင်အထည်ဖော်နိုင် မည်ဖြစ်ပြီး ထို ရှယ်ယာ ရှင်များသည် ရှယ်ယာအရောင်းအဝယ်ပြုလုပ် နိုင်သည့် အီလက်ထရွန်နစ် ပလက်ဖောင်းကို အသုံးချနိုင်မည် ဖြစ်ပါသည်။ ကုမ္ပဏီသည် အတွင်းလူများ အစုရှယ်ယာ ရောင်းဝယ်ခြင်း ဖြစ်နိုင်ခြေကို ကာကွယ်တားဆီးနိုင်ရန်အတွက် YSX ထံသို့ လျှို့ဝှက်အချက်အလက်များကို သိရှိထားသော ကုမ္ပဏီ အတွင်း လူစာရင်းကို နှစ်စဉ် တင်ပြလျက်ရှိပါသည်။ အစုရှယ်ယာများ ရောင်းဝယ်သည့်အခါတွင် တာဝန်ထမ်းဆောင် ဆဲဖြစ်သော ကုမ္ပဏီ၏ ဒါရိုက်တာများ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များက လိုက်နာရမည့် ကျင့်ဝတ် စည်းမျဉ်းများကို ချမှတ်ထား ပါသည်။ ထိုအချက်များမှာ (က) SECM က ချမှတ်ထားသော အတွင်းလူများ ရောင်းဝယ်မှု လမ်းညွှန်ချက်များကို လေ့လာပြီး လိုက်နာခြင်းနှင့် ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီများက ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းဝယ်သည့်အခါ တိုင်း တွင် အတွင်းလူရောင်းဝယ်ခြင်း ဖြစ်မဖြစ်စစ်ဆေး ရပါမည်။ (ခ) ကုမ္ပဏီက ထုတ်ပြန် ကြေညာခြင်း မရှိသေးသော အရေးကြီးသော အချက်အလက် များကို သိရှိထားပါက ထိုအချိန်တွင် ရှယ်ယာ ရောင်းဝယ်မှုအား မပြုလုပ်ဘဲ စောင့်ထိန်းရပါမည်။ (ဂ) ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်နေစဉ် ကုမ္ပဏီတွင် ပိုင်ဆိုင်ထားသော ရှယ်ယာများကို ရောင်းချခြင်းကို ရှောင်ရှားရပါမည်။ ဒါရိုက်တာများနှင့် ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏ ရှယ်ယာအရောင်းအဝယ် ကိစ္စများကို ရုံးဖွင့်ရက် (၃) ရက်အတွင်း သတင်းပို့ရပါမည်။

## ဒါရိုက်တာများ၏ ရှယ်ယာပိုင်ဆိုင်မှုများ (သို့) ကြွေးမြီစာချုပ်

၂၀၂၄ မတ်လ ဘဏ္ဍာရေးနှစ်တွင် ကုမ္ပဏီ၏ ဘုတ်ဒါရိုက်တာ များ၏ ရှယ်ယာရင်းနှီးမြှုပ်နှံမှု ရှိမရှိကြောင်း ဖော်ပြသည့် ဒါရိုက်တာများ၏ ရှယ်ယာ ရှင်မှတ်ပုံတင် စာရင်းကို စာမျက်နှာ (၈၅) တွင် ကြည့်ရှုနိုင်ပါသည်။

## ရှယ်ယာအများစု ပိုင်ဆိုင်သူများစာရင်း

ကုမ္ပဏီ၏ ရှယ်ယာပိုင်ဆိုင်မှုအများဆုံး ရှယ်ယာရှင် ဆယ်ယောက်နာမည်ပါရှိသည့် ဇယားကို စာမျက်နှာ (၁၅၃) တွင် ကြည့်ရှုနိုင်ပါသည်။

## ရှယ်ယာ ၅% အထက် ပိုင်ဆိုင်သူများစာရင်း

မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်များ အနက် ကုမ္ပဏီ၏ရှယ်ယာ ၅% အထက် ပိုင်ဆိုင်သော ရှယ်ယာရှင်များ အမည်ပါရှိသည့် ဇယားကို စာမျက်နှာ (၁၅၃) တွင် ကြည့်ရှုနိုင်ပါသည်။

## အတွင်းလူများ အစုရှယ်ယာရောင်းဝယ်မှုအား တားမြစ်ခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငွေချေး သက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်မှ ထုတ်ပြန်ထားသော ဥပဒေများ (အတွင်းလူများ အစုရှယ်ယာဝယ်သူမှုအား တားမြစ်ခြင်း ညွှန်ကြားချက် အမှတ် (၄/၂၀၁၆) နှင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၂ ရက်နေ့ တွင် ထုတ်ပြန်သည့် အတွင်းလူများ အစုရှယ်ယာ ဝယ်သူမှုအား တားမြစ်ခြင်း ကြီးကြပ်ရေး လမ်းညွှန်ချက်တို့ အပါအဝင်) နှင့်အညီ ဒါရိုက်တာအဖွဲ့ဝင်များ နှင့် အရေးကြီး သတင်းအချက် အလက်များကို သိရှိ ထားသော ဝန်ထမ်းများအပါအဝင် အတွင်းလူများအနေဖြင့် ထုတ်ပြန်ကြေညာခြင်း မပြုရသေးသော အရေးကြီးသည့် သတင်းအချက်အလက်များ ကို အခြေခံ၍ ကိုယ်ပိုင် (သို့) တခြားသူအတွက် အစုရှယ်ယာများ ဝယ်ယူရောင်းချခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။ အခြားပြင်ပမှ သူများအား အစုရှယ်ယာများ ဝယ်ယူရောင်းချရန် အကြံပေးခြင်းနှင့် အရေးကြီးသော သတင်းအချက်အလက်များအား ဖော်ထုတ်ခြင်းတို့ကို တင်းကျပ်စွာတားမြစ်လည်း တင်းကျပ်စွာ တားမြစ်ထားပါသည်။

ဒါရိုက်တာအဖွဲ့သည် အတွင်းလူများ အစုရှယ်ယာ ရောင်းဝယ်မှုကို ကာကွယ်တားဆီးရန်အတွက် ကုမ္ပဏီတွင်း စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပြီး ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ရေးဆွဲခြင်းတို့ကို အချိန်အားလျော်စွာ ပြုလုပ်ရပါမည်။ ဝန်ထမ်းများကိုလည်း အတွင်းသတင်းများ အများပြည်သူထံသို့ မတော်တဆ မပေါက်ကြားစေရန် လေ့ကျင့်သင်ကြားပေးခြင်းများကို ပြုလုပ်လျက်ရှိပါသည်။

# Risk Management and Internal Controls

In the intricate tapestry of our multifaceted business endeavors, the ability to navigate risks with precision and foresight is paramount. The Group has meticulously crafted a robust Risk Management Framework tailored to systematically identify, evaluate, and address the diverse and intricate risks inherent in our operations.

Within the Group, the cornerstone of our risk management approach lies in our Enterprise Risk Management (ERM) framework, operating under a robust risk governance structure based on the "Three Lines of Defense" model. This model provides a structured foundation, ensuring that significant risk matters are meticulously reported and deliberated upon by the ARMC and ultimately the Board.

## GROUP'S ERM FRAMEWORK FUNCTIONS THROUGH A THREE LINE OF DEFENSE APPROACH

**PRIMARY GOVERNANCE**

**BOARD OVERSIGHT**

The Board is responsible for the oversight of ARMC, Risk management systems and internal controls.

**THIRD LINE**

**INTERNAL / EXTERNAL AUDIT CONTROLS**

The internal and external audit functions assess the effectiveness of risk management, internal controls, and compliance frameworks as an independent assurance mechanism. They report findings and whistleblowing outcomes directly to the ARMC and the Board, offering crucial assurance that strengthens our governance and oversight.

**SECOND LINE**

**MANAGEMENT REVIEW**

The Group's Risk Management & Assurance Department (RMAD) ensures thorough oversight of risk management and compliance, fostering a culture of accountability and ownership. They develop risk strategies, conduct self-assessments, and ensure regulatory compliance. Additionally, they perform risk-based audits, investigate whistleblowing incidents, and report directly to the ARMC.

**FIRST LINE**

**REAL-TIME MONITORING AND REPORTING**

Operating Segments are responsible for setting up the policy management, identifying respective business and industry related risks, build a robust internal control environment, and construct a strong financial and operational governance within their own segments.

## RISK CULTURE

Within the Group, cultivating a robust risk management culture is not just a priority but a fundamental commitment. We place a strong emphasis on fostering awareness and proactive behaviour throughout the organization, recognising that a resilient risk culture is essential for sustained success. The Group's commitment to fostering a strong risk management culture underscores our dedication to sustainable growth and stakeholder value. By promoting awareness, embracing continuous improvement, and embedding risk considerations into our decision-making, we reinforce our resilience and readiness to navigate the complexities of the business landscape with confidence.

## MATERIALITY ANALYSIS PROCESS AND METHODOLOGY

At the Group, the materiality analysis process is a systematic approach used to identify and prioritise the issues that are most significant to the business and its stakeholders. This process involves several key steps to ensure that the most relevant issues are included in the risk categories. By systematically identifying, prioritising, and addressing the most significant issues, companies can ensure their reporting meets the needs of stakeholders and aligns with strategic objectives.

FMI's methodology for conducting a materiality analysis involves several systematic steps designed to identify and prioritise the issues that are most significant to the business and its stakeholders. This methodology ensures that the process is thorough, transparent, and aligned with best practices. The outlines of a robust materiality analysis methodology are:

### 1. Define Objectives and Scope

**Set Clear Objectives:** Determine the goals of the materiality analysis, such as enhancing transparency, aligning with stakeholder interests, or complying with regulatory requirements.

**Define Scope:** Establish the scope of the analysis, including geographical, operational, and temporal boundaries.

### 2. Identify Stakeholders

**Stakeholder Mapping:** Identify key stakeholders who are impacted by or have an interest in the company's activities, including investors, employees, customers, suppliers, regulators, and community groups.

**Engagement Plan:** Develop a plan for engaging with stakeholders, specifying the methods and frequency of engagement.

### 3. Gather Information and Engage Stakeholders

**Internal Sources:** Review internal documents such as strategic plans, risk assessments, sustainability reports, and previous materiality analyses.

**External Sources:** Analyse industry reports, competitor disclosures, regulatory guidelines, and media coverage to identify relevant issues.

**Stakeholder Engagement:** Collect data on stakeholder concerns and priorities through surveys, interviews, focus groups, and public consultations.

### 4. Identify Potential Material Issues

**Issue Identification:** Compile a comprehensive list of potential material issues based on the information gathered from internal and external sources and stakeholder engagement.

**Categorisation:** Categorise the issues into relevant themes such as economic, environmental, social, and governance (ESG) aspects.

### 5. Validate Findings

**Stakeholder Validation:** Share the draft findings with key stakeholders for validation and gather feedback to ensure their perspectives are accurately reflected.

**Internal Review:** Conduct an internal review with senior management and relevant departments to validate the prioritisation and ensure alignment with the Company's strategic goals.

### 6. Integrate into Reporting

**Report Development:** Integrate the findings of the materiality analysis into the annual report, discussing the identified material issues, their impact, and the Company's response to them.

**Disclosure of Methodology:** Clearly explain the materiality analysis methodology in the annual report, including the process, stakeholder engagement, and criteria used for prioritisation.

**Performance Indicators:** Include relevant performance indicators and metrics for each material issue to provide transparency on how the Company is managing these issues.

### 7. Continuous Improvement

**Feedback Loop:** Establish a feedback loop to continually improve the materiality analysis process by collecting feedback from stakeholders and internal teams on the effectiveness of the process and the relevance of the reported issues.

**Regular Updates:** Periodically update the materiality analysis to reflect changes in the business environment, stakeholder priorities, and emerging issues.

By following this methodology, FMI ensures that its materiality analysis process is thorough, transparent, and aligned with best practices, enabling the Company to effectively prioritise and address the most significant issues.

| KEY RISKS AND MATERIAL ISSUES | KEY MITIGATION ACTIONS |
|---|---|
| **STRATEGIC RISK** | |
| **Business Model/ Strategy**<br><br>The Group's strategic risk lies in the evolving competitive landscape, changing customer preferences, capacity for execution and disruptive technology. These factors could impact the decisions made in each of the Group's business segments and affect their operations and performance. | • All business segments conduct thorough analysis and engage in detailed discussions during the decision-making processes, with input from Management.<br>• Develop strategies that emphasize differentiation and innovation to sustain a competitive edge.<br>• Prioritise enhancing the customer experience by emphasizing the quality, value, and efficiency of our products and services.<br>• Enhance profitability by broadening the diversity of the Group's business portfolio and revenue streams, thereby mitigating risks associated with over-reliance on a single market or sector. |
| **Business Environment**<br><br>Amidst the global geopolitical tensions, macro risks for the Group have increased. Moreover, more intensive due diligence processes could consume additional time and resources, impacting the effective execution of the Group's business strategies. | The Group has made a long-term commitment to Myanmar. Its continued presence, participation and provision of essential products and services is paramount in fulfilling its mission to Build a Better Myanmar for its People.<br><br>• Maintaining a balanced approach in making decisions to ensure commercial survival, business resilience and sustainability. This includes supporting key sections and engaging with other stakeholders – e.g. employees, customers, vendors, regulators, partners, lenders, and investors – and the broader business community.<br>• By aligning our business strategies with community needs, the Group is not only navigating current challenges but also laying the foundation for a sustainable and successful future in the country.<br>• We are committed to ethical business practices and avoiding actions that could negatively impact on the Group's reputation.<br><br>We recognise that our ability to thrive amid political, economic, and social fluctuations not only highlights our operational robustness but also reflects our unwavering commitment to the people and the future of Myanmar. |
| **OPERATIONAL RISK** | |
| **Health & Safety Risk**<br><br>Health and safety risks can significantly impact a business's operations, employee well-being, productivity, and legal standing. These risks, if not managed properly, can lead to severe disruptions, including operational downtime, increased insurance costs, and potential litigation. Moreover, a poor health and safety record can damage a company's reputation, affecting customer and investor confidence and possibly leading to a decline in market value. | The Group is committed to upholding the highest safety standards throughout all business operations.<br><br>• We prioritise staff health and safety by implementing effective processes and adhering to industry standards and regulations to mitigate health and safety risks.<br>• Our Health, Safety, & Environment (HSE) policies, practices, and performance are regularly reviewed by the Risk Management and Assurance Team, which also conducts routine checks at workplaces and construction sites to ensure safety is a priority and employees can voice their concerns directly.<br>• We maintain strict workplace health and safety protocols through comprehensive risk assessments and detailed inspections of equipment and work areas.<br>• This commitment is reinforced by our strong HSE culture, which includes regular safety training for employees on safety protocols, procedures, and industry best practices. |

| KEY RISKS AND MATERIAL ISSUES | KEY MITIGATION ACTIONS |
|---|---|
| **OPERATIONAL RISK** | |
| **Manpower Risk**<br><br>The Group's ability to develop and grow the business depends on the quality of its people, and it is committed to investing in developing its talent pool. The Group has been constantly developing and promoting local talent to leadership positions. | We are committed to building a resilient workforce while navigating the challenges posed by day-to-day operations<br><br>• We regularly update our succession plans and conduct talent reviews to identify and develop high-potential employees, ensuring readiness for leadership and critical roles<br>• Our robust succession planning program includes identifying potential skill gaps and providing cross-training to ensure critical functions remain unaffected.<br>• We have protocols in place for managing sudden reductions in workforce which include enhancing flexibility in project timelines and deliverables to adapt to changing workforce dynamics.<br>• We maintain open communication channels to discuss conscription concerns and offer support programs to help employees and their families.<br><br>This approach ensures we are prepared to address and mitigate the risks and maintain operational continuity and employee well-being. |
| **Fraud, Bribery and Corruption**<br><br>The risk of corruption and fraud is inherent to any business in Myanmar and remains elevated in the current operating environment. These acts could be perpetrated by employees, officers, customers, or vendors engaged by the Group. | • We regularly provide training and communication on the Group's Code of Conduct and Conflict of Interest Policy and reinforcing a zero-tolerance approach towards any incidents of corruption and fraud.<br>• Implement a whistleblowing policy that offers accessible channels for reporting improprieties or concerns to the Risk Management and Assurance Team, which investigates and provides findings for oversight by the ARMC.<br>• Conduct regular internal audits focused on areas with greater inherent risks, such as procurement and cash management, and introducing adequate internal controls commensurate with each business segment's operations. |
| **FINANCIAL RISK** | |
| **Inflation Risk**<br><br>Increases in the costs of the Group's operations, including labor, materials, energy, transportation, and distribution costs, could adversely affect its pricing strategy, profit margins, and overall operations and financial results. Furthermore, several of the Group's business segments rely on input from abroad that has been subject to global inflationary pressures.<br><br>The Group does not have unlimited capacity to increase pricing without affecting consumer appetite for its products and services. | • The Group continuously explores opportunities for additional revenue streams with higher margins to increase returns.<br>• To counteract inflationary pressure from abroad, we concentrate on localizing our supply chains and fixed overheads.<br>• We actively implement cost-saving initiatives and refine operational processes to boost efficiency.<br>• Regularly monitor and negotiate long-term fixed price arrangements with vendors.<br>• We also monitor and adjust financial plans regularly to protect margins and allocate capital across different asset classes. |

| KEY RISKS AND MATERIAL ISSUES | KEY MITIGATION ACTIONS |
|---|---|
| **FINANCIAL RISK** | |
| **Cashflow and Funding**<br><br>The Group's business model is subject to its ability to secure adequate funding at reasonable cost.<br><br>The current elevated level of macro risk, volatility in the financial markets and tightening credit environment may require additional cash preservation measures and further balance sheet deleveraging. | The emphasis on generating and preserving cash remains stringent to ensure the Group maintains a competitive cost structure, possesses adequate cash flow to meet its operational needs, and is positioned to capitalize on potential future opportunities.<br><br>• The Group takes a proactive debt management to explore refinancing options to secure lower interest rate or more favorable payment terms, extending debt maturities to ease short-term repayment pressures.<br>• To reduce foreign exchange risk, we also explore funding options from domestic sources whenever possible. We diversify funding sources to provide greater flexibility and reduce concentration risk.<br>• Reduce inventory and monetise non-core and under-utilized assets to raise additional liquidity.<br>• Implement cost-control measures to reduce fixed and variable costs. Streamline operations and enhance efficiency through technological integration and process improvements.<br>• Improve liquidity management to align cash flows with operational requirements and debt commitments, ensuring that capital expenditures are reserved solely for essential maintenance and growth. |
| **Foreign Exchange and Interest Rates**<br><br>The Group's operations are exposed to the fluctuations in the Myanmar Kyat against US Dollar. The Group is also exposed to adverse movement in interest rates. | The Group's treasury function constantly monitors the currency position in each business unit's operations and the Group's overall economic exposure to movements in exchange rates. Strategies employed to mitigate the impact of foreign exchange and interest rate risk include:<br><br>• Implementing natural hedges to balance sheet positions.<br>• Adjusting internal processes to facilitate the shortening of the currency conversion cycle.<br>• Maintaining a mix of both fixed and floating rates on borrowings and maximizing the tenor of fixed rate borrowings where cost effective. |
| **Credit Risk**<br><br>The Group has credit exposure to selected customers at different segments. The possibility of default or delinquency remains elevated as the current market conditions could affect a counterparty's ability to fulfill its payment obligations. | The Group effectively manages its credit risks to maintain robust cash flow and minimize potential losses from credit defaults. Each strategy is customized to align with the specific business context and risk tolerance of each segment, adhering to business-specific credit risk policies and standards. Our overall approach includes:<br><br>• Stringent background checks on creditworthiness, assessment of cashflow generation capabilities, and acceptance of only high-quality collateral.<br>• Focusing on customer collections and managing overdue amounts in the early stages of delinquency.<br>• Rigorous approval within each business unit where credit terms are extended. Cash terms are prioritised where possible. |

| KEY RISKS AND MATERIAL ISSUES | KEY MITIGATION ACTIONS |
|---|---|
| **COMPLIANCE RISK** | |
| **Regulatory and ESG Compliance**<br><br>Non-compliance with various laws and regulations may have a detrimental effect on the operations and financial performance of each of the Group's businesses. The Group is subject to the jurisdiction of a number of regulators, including the Central Bank of Myanmar, and regulations and policies could be issued on short notice.<br><br>Furthermore, Environmental, Social and Governance (ESG) compliance has become one of the most pressing issues expected by key stakeholders, including customers, lenders, and regulators, and has posed additional challenges in the current business environment. | The Group's compliance framework is guided by our core values and Code of Conduct. This entails:<br><br>• Regular reporting by each business unit to ensure that compliance risks are effectively assessed, managed and mitigated whilst keeping updated on changes to laws and regulations.<br>• Maintaining ongoing dialogue with the relevant regulatory authorities.<br><br>The Risk Management and Assurance Team monitors the Group's compliance with its ESG targets and obligations and ensures that ESG disclosures are documented, accurate and complete.<br><br>Furthermore, the Group supports the Task Force on Climate-Related Financial Disclosures and is working toward incorporating its recommendations in our reporting framework. This implementation includes analyzing climate risks, identifying decarbonization opportunities, and adopting energy efficiency programmes at the Group's projects. |
| **CYBER SECURITY AND INFORMATION TECHNOLOGY ("IT") RISK** | |
| **IT Security**<br><br>The digital transformation journey has increased the Group's reliance on technology as a business enabler and to maintain business continuity. This transition has heightened the risk of cyberattacks and other IT threats, including network security, data protection, fraud, and cybercrimes which may result in compromising the confidentiality, integrity, and availability of the Group's information assets and/or systems. | The Group remains focused on embedding cyber security and data protection/privacy into its ongoing business practices. Measures and considerations have also been taken to safeguard against the loss of information, data security and prolonged service disruption of critical IT systems.<br><br>• Throughout the year, training and assessment exercises were conducted to enhance employees' awareness of technology and cyber threats, reduce human error in the information security chain.<br>• Continuous monitoring of information security policies is enhanced by the following:<br>a. Maintaining an IT security framework to address evolving IT security threats, such as hacking, malware, and mobile threats.<br>b. Secure access two-factor authentication.<br>c. Back-up and privileged access protocols.<br>d. Data storage capacity and utilization monitoring. |



# ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ် စီမံခန့်ခွဲခြင်း

ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်နေရသော ဘက်စုံစီးပွားရေးလုပ်ငန်းများအတွက် အန္တရာယ်များကို တိတိကျကျနှင့် အမြော်အမြင်ရှိစွာ စီမံခန့်ခွဲနိုင်မှုသည် အရေးကြီးဆုံးပင်ဖြစ်သည်။ First Myanmar Investment အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“FMI”၊ “ကုမ္ပဏီ” နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ “ကုမ္ပဏီအုပ်စု”) သည် လုပ်ငန်းလည်ပတ်မှုမှ ဖြစ်ပေါ်လာသော မတူကွဲပြားပြီး ရှုပ်ထွေးသည့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များကို ခွဲခြားသတ်မှတ်ရန်၊ စစ်ဆေးရန်နှင့် ရင်ဆိုင်နိုင်ရန်အတွက် ခိုင်မာသော ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်စီမံခန့်ခွဲမှု မူဘောင်ကို စေ့စပ်သေချာစွာ အကောင်အထည်ဖော်ခဲ့ပါသည်။

ကျွန်ုပ်တို့၏ ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်စီမံခန့်ခွဲမှု၏ အခြေခံအုတ်မြစ်သည် လုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှု (ERM) မူဘောင်အပေါ် အဓိကမူတည်ရှိပြီး ယင်းမူဘောင်သည် “ Three Lines of Defense” ဟူသော ခိုင်မာသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ထိန်းချုပ်မှုပုံစံအောက်တွင် လုပ်ဆောင်ပါသည်။ ဤဖွဲ့စည်းပုံစံသည် သိသာထင်ရှားသော ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ ကိစ္စရပ်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ARMC) သာမက ဒါရိုက်တာဘုတ်အဖွဲ့ဝင်များကိုပါ အစီရင်ခံနိုင်ပါသည်။

### Three Lines of Defense” ကို အခြေခံထားသည့် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု မူဘောင်

**ပင်မ အုပ်ချုပ်မှု**

**ဒါရိုက်တာ ဘုတ်အဖွဲ့၏ ကြီးကြပ်မှု**
ဘုတ်အဖွဲ့သည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ARMC)၊ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကုမ္ပဏီအတွင်း ထိန်းချုပ်မှုများကို ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

↓

**တတိယ အဆင့်**

**ကုမ္ပဏီအတွင်း နှင့် ပြင်ပ စစ်ဆေးထိန်းချုပ်ကွပ်ကဲမှု**
ကုမ္ပဏီအတွင်းနှင့် ပြင်ပ ထိန်းချုပ်ကွပ်ကဲမှု လုပ်ဆောင်ချက်များတွင် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု၊ ကုမ္ပဏီအတွင်း ထိန်းချုပ်ကွပ်ကဲမှုများနှင့် လိုက်နာမှု မူဘောင်များ၏ ထိရောက်မှုများကို လွပ်လပ်စွာအကဲဖြတ်ပါသည်။ အဆိုပါ တာဝန်ကို ထမ်းဆောင်သူများသည် တွေ့ရှိချက်များနှင့် Whistle Blowing ရလဒ်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ARMC) နှင့် ဘုတ်အဖွဲ့ထံ တိုက်ရိုက်အစီရင်ခံတင်ပြခြင်းဖြင့် ကျွန်ုပ်တို့၏ အုပ်ချုပ်မှုနှင့် ကြီးကြပ်မှုကို အားကောင်းလာအောင် လုပ်ဆောင်ပါသည်။

↓

**ဒုတိယ အဆင့်**

**စီမံခန့်ခွဲရေးအဖွဲ့၏ သုံးသပ်မှု**
ကုမ္ပဏီအုပ်စု၏ ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ် စီမံခန့်ခွဲမှုနှင့် အာမခံအဖွဲ့ (RMAD) သည် ဆုံးရှုံးနိုင်ခြေ အန္တရာယ်စီမံခန့်ခွဲမှုနှင့် လိုက်နာမှုဆိုင်ရာ အရာများကို သေသေချာချာ ကြီးကြပ်ပြီး တာဝန်ခံမှုနှင့် ပိုင်ဆိုင်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများကို လိုက်နာလာအောင် မြှင့်တင်လုပ်ဆောင်ပါသည်။ RMAD သည် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ နည်းဗျူဟာများ ရေးဆွဲခြင်း၊ မိမိကိုယ်ကို အကဲဖြတ်ခြင်းနှင့် စည်းမျဉ်းစည်းကမ်းများကို သေချာလိုက်နာမှုရှိစေရန် လုပ်ဆောင်ပေးသည်။ ထို့အပြင် ၎င်းတို့သည် ဆုံးရှုံးနိုင်ခြေ အန္တရာယ်ကို အခြေခံသည့် စစ်ဆေးမှုလုပ်ဆောင်ခြင်းနှင့် တိုင်ကြားသည့် ဖြစ်ရပ်များကို စုံစမ်းစစ်ဆေးပြီး ယင်းဖြစ်ရပ်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီထံ တိုက်ရိုက်တင်ပြပါသည်။

↓

**ပထမ အဆင့်**

**အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ခြင်းနှင့် အစီရင်ခံခြင်း**
လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အပိုင်းကဏ္ဍသည် ၎င်းတို့၏ကဏ္ဍများအတွင်း စီမံခန့်ခွဲမှု မူဝါဒချမှတ်ခြင်း၊ သက်ဆိုင်ရာလုပ်ငန်းဆိုင်ရာအန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း၊ ခိုင်မာသော ကုမ္ပဏီအတွင်းပိုင်း ထိန်းချုပ်မှု ပတ်ဝန်းကျင်ကို တည်ဆောက်ခြင်းနှင့် ခိုင်မာသောဘဏ္ဍာရေးဆိုင်ရာ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စီမံခန့်ခွဲမှုကို တည်ဆောက်ခြင်း စသည့် လုပ်ငန်းတာဝန်များ လုပ်ဆောင်သည်။

## စွန့်စားနိုင်သော ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်ဆိုင်ရာ ဓလေ့ထုံးတမ်းများ

ကုမ္ပဏီအုပ်စုအတွင်း ခိုင်မာသော ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်စဉ်များကို ကျင့်သုံးခြင်းသည် ဦးစားပေးဆောင်ရွက်ရ မည့် တာဝန်ဖြစ်ရုံသာမက မဖြစ်မနေ လုပ်ဆောင်ရမည့်အရာဖြစ်ပါသည်။ ခံနိုင်ရည်ရှိသော ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်စဉ်များသည် ကုမ္ပဏီအုပ်စု၏ ရေရှည်အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်းကို သိရှိသည့်အတွက် အဆိုပါ လုပ်ထုံးလုပ်စဉ်များကို ကုမ္ပဏီအုပ်စုအတွင်း ဝန်ထမ်းများ သတိမူ လက်စွဲကျင့်သုံးလာအောင် လုပ်ဆောင်ပါသည်။ ကုမ္ပဏီအုပ်စုမှ ဆုံးရှုံးနိုင်ခြေ အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အလေ့အကျင့်များကို စနစ်တကျ လက်ခံကျင့်သုံးနေသည်ကို ကြည့်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် တိုးတက်မှုနှင့် ရှယ်ယာရှင်များအပေါ် တန်ဖိုးထားသည့် ကျွန်ုပ်တို့၏ စိတ်ဆန္ဒကို သိနိုင်ပါသည်။ ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ်ဆိုင်ရာ အသိအမြင်များ တိုးတက်အောင် ဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ် တိုးတက်လာအောင် လုပ်ဆောင်ခြင်းနှင့် ဆုံးရှုံးနိုင်ချေရှိမှု အန္တရာယ်များကို နေ့စဉ်ဆုံးဖြတ်ချက်များထဲတွင် ထည့်သွင်းစဉ်းစားခြင်းအားဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ ရှုပ်ထွေးမှုများကို ယုံကြည်မှုရှိစွာ စီမံခန့်ခွဲနိုင်ပြီး ခံနိုင်ရည်စွမ်းလည်း မြင့်တက်လာမှာ ဖြစ်ပါသည်။

## ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်နှင့် နည်းစနစ်

ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှု စစ်ဆေးခြင်းလုပ်ငန်းစဉ် (Materiality Analysis Process) သည် လုပ်ငန်းနှင့် အကျိုးစီးပွား ဆက်နွှယ်သူများအတွက် အရေးကြီးဆုံး ကိစ္စရပ်များကို ခွဲခြားသတ်မှတ်ပြီး ဦးစားပေးနိုင်စေရန် ဆောင်ရွက်ခြင်းဖြစ်သည်။ သက်ဆိုင်ရာ ကိစ္စရပ်များကို ဆုံးရှုံးနိုင်ခြေရှိသော အန္တရာယ်အမျိုးအစားများတွင် ထည့်သွင်းစဉ်းစားနိုင်စေရန် ပိုင်ဆိုင်မှု စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် အရေးကြီးသော လုပ်ငန်းစဉ် အဆင့်များစွာ ပါဝင်သည်။ အရေးကြီး ကိစ္စရပ်များကို စနစ်တကျ ဖော်ထုတ်ဦးစားပေးခြင်းဖြင့် ကုမ္ပဏီအုပ်စုအနေဖြင့် ရှယ်ယာရှင်များကို တင်ပြရမည့် လိုအပ်ချက်များနှင့် မဟာဗျူဟာဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ လုပ်ဆောင်နိုင်စေမှာ ဖြစ်ပါသည်။

FMI ၏ ပိုင်ဆိုင်မှု သုံးသပ်ခြင်း နည်းစနစ်တွင် စီးပွားရေးလုပ်ငန်းနှင့် အကျိုးစီးပွား ဆက်နွှယ်သူများအတွက် အရေးကြီးဆုံး ကိစ္စရပ်များကို ခွဲခြားသတ်မှတ် ဦးစားပေးနိုင်ရန် လုပ်ငန်းစဉ်အဆင့်များစွာကို ထည့်သွင်းထားပါသည်။ ဤနည်းစနစ်တွင် ပါဝင်သော လုပ်ငန်းစဉ်အဆင့်ဆင့်သည် ပြီးပြည့်စုံပြီး ပွင့်လင်းမြင်သာမှုရှိသည့်အပြင် ကောင်းမွန်သည့် လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိစေရန် လမ်းညွှန်ပေးပါသည်။ ပိုင်ဆိုင်မှု သုံးသပ်ခြင်းဆိုင်ရာ နည်းစနစ်တွင် ပါဝင်သည့် အဓိက လုပ်ငန်းစဉ်များကို အောက်တွင် ဖော်ပြထားပါသည်။

### (က) ရည်မှန်းချက်နှင့် နယ်ပယ် သတ်မှတ်ခြင်း

**ရှင်းလင်းသော ရည်မှန်းချက်များသတ်မှတ်ခြင်း (Set Clear Objective):** ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန်၊ ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားနှင့် ကိုက်ညီမှုရှိစေရန် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာရန်။

**တိုင်းတာမည့် နယ်ပယ်သတ်မှတ်ခြင်း (Define Scope):** ကုမ္ပဏီ၏ ဈေးကွက်ဆိုင်ရာနယ်ပယ်များ၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာနှင့် ကာလပိုင်းဆိုင်ရာအလိုက် သုံးသပ်ပြီး တိုင်းတာရမည့် နယ်ပယ်ကို သတ်မှတ်ခြင်း။

### (ခ) အကျိုးစီးပွားသက်ဆိုင်သူများကို သတ်မှတ်ခြင်း

**အကျိုးစီးပွားဆက်နွှယ်သူများကို ခွဲခြားသတ်မှတ်ခြင်း (Stakeholders Mapping):** ကုမ္ပဏီမှ ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများ၏ အကျိုးသက်ရောက်မှုကို ခံရသော (သို့) စိတ် ဝင်စားသော ရင်းနှီးမြှုပ်နှံသူများ၊ ဝန်ထမ်းများ၊ သုံးစွဲသူများ၊ စီးပွားရေးမိတ်ဖက်များ၊ အာဏာပိုင်အဖွဲ့အစည်းများနှင့် လူမှုအသိုက်အဝန်းများ အပါအဝင် အကျိုးစီးပွားသက်ဆိုင်သူများကို ခွဲခြားသတ်မှတ်ခြင်း။

**ချိတ်ဆက်မှုအတွက် အစီအစဉ်ရေးဆွဲခြင်း (Engagement Plan):** အကျိုးစီးပွားသက်ဆိုင်သူများနှင့် အပြန်အလှန် ချိတ်ဆက်မှုရှိစေရန် အတွက် အစီအစဉ်ရေးဆွဲရာတွင် အကြိမ်အရေအတွက်နှင့် ချိတ်ဆက်မှု နည်းလမ်းများကို သတ်မှတ်ခြင်း။

### (ဂ) သက်ဆိုင်ရာအချက်အလက်များ စုဆောင်းခြင်းနှင့် အကျိုးစီးပွား ဆက်နွှယ်သူများနှင့် ချိတ်ဆက်ခြင်း

**ကုမ္ပဏီအတွင်းပိုင်းရှိ အချက်အလက်များ (Internal Sources):** ကုမ္ပဏီ၏ မဟာဗျူဟာမြောက် အစီအစဉ်များ၊ ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်သုံးသပ်ချက်များ၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာများ နှင့် ဦးစားပေးအလေးထားရမည့် အန္တရာယ်များ စိစစ်သုံးသပ်မှု အစရှိသည့် စာရွက်စာတမ်းများကို လေ့လာသုံးသပ်ခြင်း။

**ကုမ္ပဏီပြင်ပရှိ အချက်အလက်များ (External Sources):** သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအသီးသီး၏ အစီရင်ခံစာများ၊ လုပ်ငန်းပြိုင်ဘက်များ၏ ကြေညာချက်များ၊ ဥပဒေဆိုင်ရာ လမ်းညွှန်ချက်များနှင့် မီဒီယာကြေညာချက်များကို သုံးသပ်၍ သက်ဆိုင်ရာ ပြဿနာများ ရှာဖွေခြင်း။

**အကျိုးစီးပွားဆက်နွှယ်သူများနှင့် ချိတ်ဆက်ခြင်း (Stakeholder Engagement):** အကျိုးစီးပွားဆက်နွှယ်သူများ၏ စိုးရိမ်ပူပန်မှုနှင့် အလေးပေးသည့် ကိစ္စရပ်များနှင့် သက်ဆိုင်သည့် အချက်အလက်များကို စစ်တမ်းကောက်ခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ အထူးအစည်းအဝေးများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ခြင်း အစရှိသည့် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်၍ စုဆောင်းခြင်း။

### (ဃ) ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကို သတ်မှတ်ခြင်း

**ကိစ္စရပ်များကို သတ်မှတ်ခြင်း (Issue Identification):** ကုမ္ပဏီ အတွင်းပိုင်း၊ ပြင်ပနှင့် အကျိုးစီးပွားဆက်နွှယ်သူများနှင့် ဓေ့စပ်၍ စုဆောင်းရရှိလာသည့် အချက်အလက်များပေါ် အခြေခံ၍ ဦးစားပေးအလေးထားရမည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို သတ်မှတ်ခြင်း။

**အမျိုးအစား သတ်မှတ်ခြင်း (Categorization):** ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကုမ္ပဏီစီမံအုပ်ချုပ်ရေး (ESG) အစရှိသဖြင့် ရှုထောင့်အလိုက် အမျိုးအစား ခွဲခြားသတ်မှတ်ခြင်း။

### (င) ရှာဖွေတွေ့ရှိချက်များကို အတည်ပြုခြင်း

**အကျိုးစီးပွားဆက်နွှယ်သူများထံမှ အတည်ပြုမှုကို ရယူခြင်း (Stakeholder Validation):** ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို အတည်ပြုနိုင်ရန် အကြမ်းဖျင်း ရှာဖွေတွေ့ရှိချက်များအား အကျိုးစီးပွားဆက်နွှယ်သူများထံ ပေးပို့ပြီး ၎င်းတို့၏ ရှုထောင့် သဘောထားများကို ထည့်သွင်းနိုင်ရန် ထင်မြင်ချက်များကို ရယူခြင်း။

**ကုမ္ပဏီအတွင်း စိစစ်ခြင်း (Internal Review):** အလေးထားရမည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို အတည်ပြုရန်နှင့် ၎င်းတို့သည် ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာမြောက် ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် အကြီးတန်း စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနများနှင့်အတူ ပြန်လည် အကဲဖြတ်သုံးသပ်ခြင်း။

### (စ) ကုမ္ပဏီ၏ အစီရင်ခံစာတွင် ထည့်သွင်းခြင်း

**ကုမ္ပဏီအစီရင်ခံစာတွင် ဖော်ပြခြင်း (Report Development):** ရှာဖွေတွေ့ရှိရသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ပူးတွဲဖော်ပြပြီး ထိုအစီရင်ခံစာတွင် အလေးထားဦးစားပေးရမည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များနှင့် ၎င်းတို့၏ အကျိုးသက်ရောက်မှုများ၊ ကုမ္ပဏီ၏တုံ့ပြန်မှုများကို ဆွေးနွေးခြင်း။

**နည်းစနစ်များကို ဖော်ပြခြင်း (Disclosure of Methodology):** ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို လေ့လာသုံးသပ်သည့် နည်းစနစ်ကို နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြရာတွင် အဆိုပါ နည်းစနစ်တွင် ပါဝင်သည့် လုပ်ငန်းစဉ်များ၊ အကျိုးစီးပွားဆက်နွှယ်သူများနှင့် ချိတ်ဆက်ခြင်း၊ အလေးထားပေးရမည့် အန္တရာယ်များကို သတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားသည့် အချက်များကို ရှင်းလင်းစွာ ဖော်ပြခြင်း။

**စွမ်းဆောင်ရည်ကိုတိုင်းတာပြခြင်း (Performance Indicators):** ထိုဆုံးရှုံးနိုင်ခြေ အန္တရာယ်တစ်ခုချင်းစီအတွက် ကုမ္ပဏီ၏ စီမံခန့်ခွဲ လုပ်ဆောင်ပုံကို ပွင့်လင်းမြင်သာစွာ ဖော်ပြနိုင်ရန်၊ လုပ်ဆောင်ချက်များ၏ ထိရောက်မှုကို စနစ်တကျ တိုင်းတာထားခြင်းများကို ဖော်ပြထားရန်။

### (ဆ) စဉ်ဆက်မပြတ် တိုးတက်မှု

**တုံ့ပြန်ချက်များကို ရယူခြင်း (Feedback Loop):** လုပ်ငန်းစဉ်၏ ထိရောက်မှုနှင့် အစီရင်ခံတင်ပြထားသော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ၏ ကျိုးကြောင်းဆီလျော်မှုများအတွက် အကျိုးစီးပွား သက်ဆိုင်သူများနှင့် ဌာနတွင်းအဖွဲ့များထံမှ အကြံပြုချက်များကို စုဆောင်းခြင်းဖြင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို လေ့လာသုံးသပ်သည့် လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်လာအောင် လုပ် ဆောင်ခြင်း။

**လုပ်ငန်းစဉ်ကို လိုအပ်သလို မွမ်းမံပြင်ဆင်ခြင်း (Regular Updates):** လုပ်ငန်းပတ်ဝန်းကျင်ရှိ အပြောင်းအလဲများ၊ အစုရှယ်ယာရှင်များအတွက် ဦးစားပေးရမည့်အရာများနှင့် အခြေအနေအလိုက် ပေါ်ပေါက်လာသော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ထင်ဟပ်စေရန် ဦးစားပေးအလေးထားရမည့်အန္တရာယ်များ စိစစ်သုံးသပ်သည့် လုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို မွမ်းမံပြင်ဆင်ခြင်း။

အထက်ဖော်ပြပါ နည်းစနစ်ကို လိုက်နာခြင်းဖြင့် FMI သည် ၎င်း၏ ဦးစားပေး အလေးထားရမည့်အန္တရာယ်များ စိစစ်သုံးသပ်မှု လုပ်ငန်းစဉ်သည် ပြီးပြည့်စုံပြီး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အကောင်းဆုံးအလေ့အကျင့်များနှင့် လိုက်လျောညီထွေစွာ လုပ်ဆောင်နိုင်မှာဖြစ်သည့်အပြင် ကုမ္ပဏီအတွက် အရေးကြီးသော ပြဿနာများကို ဦးစားပေး၍ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှာ ဖြစ်ပါသည်။

<table>
<tr><th>အဓိက ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ</th><th>အန္တရာယ်လျော့ပါးစေမည့် လုပ်ဆောင်ချက်များ</th></tr>
<tr><td colspan="2">မဟာဗျူဟာ အန္တရာယ်</td></tr>
<tr><td>လုပ်ငန်းပုံစံ/ မဟာဗျူဟာ<br><br>လုပ်ငန်းစု၏ မဟာဗျူဟာမြောက် ဆုံးရှုံးနိုင်ခြေ အန္တရာယ်သည် ပြောင်းလဲလာသော လုပ်ငန်းပိုင်းဆိုင်ရာ ပြိုင်ဆိုင်မှုများ၊ သုံးစွဲသူများ၏ လိုအပ်ချက်များ ပြောင်းလဲခြင်းနှင့် တိုးတက်ပြောင်းလဲလာသည့် နည်းပညာများ၏ လုပ်ဆောင်နိုင်စွမ်းများအပေါ်တွင် မူတည်ပါသည်။ ထိုအချက်များသည် ကုမ္ပဏီအုပ်စုမှ လုပ်ငန်းကဏ္ဍတစ်ခုစီအတွက် ပြုလုပ်သော ဆုံးဖြတ်ချက်များ၊ လုပ်ငန်းလည်ပတ်မှုနှင့် စွမ်းဆောင်ရည်များအပေါ် သက်ရောက်မှုရှိနိုင်ပါသည်။</td><td>• လုပ်ငန်းကဏ္ဍတိုင်းသည် စီမံခန့်ခွဲမှု၏ ကူညီပံ့ပိုးမှုဖြင့် ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်များတွင် အသေးစိတ် ဆွေးနွေးမှုများနှင့် ပြီးပြည့်စုံသည့် လေ့လာသုံးသပ်မှုများကို လုပ်ဆောင်ခြင်း။<br>• အများနှင့်မတူ ထူးခြားဆန်းသစ်သည့် ထုတ်ကုန်များ၊ ဝန်ဆောင်မှုများဖြင့် ရေရှည်တွင် ရပ်တည်နိုင်စေရန် နည်းဗျူဟာများ ဖော်ထုတ်ခြင်း။<br>• ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး၊ တန်ဖိုးနှင့် ထိရောက်မှုတို့ကို အလေးပေးခြင်းဖြင့် သုံးစွဲသူ၏ အတွေ့အကြုံကို မြှင့်တင်ပေးခြင်း။<br>• မတူညီကွဲပြားသော လုပ်ငန်းကဏ္ဍအမျိုးမျိုးနှင့် ဝင်ငွေရရှိနိုင်သည့် လုပ်ငန်းမျိုးစုံကို ဆောင်ရွက်ခြင်းဖြင့် အမြတ်ငွေ ရရှိနိုင်မှုကို မြှင့်တင်ခြင်းဖြင့် လုပ်ငန်းဈေးကွက်တစ်ခုတည်းမှ ရရှိသည့် ဝင်ငွေအပေါ်သာ အားကိုးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို လျော့ချခြင်း။</td></tr>
<tr><td>စီးပွားရေး ပတ်ဝန်းကျင်<br><br>ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအချင်းချင်း တင်းမာမှုများကြောင့် ကုမ္ပဏီအုပ်စုအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေမှာ မြင့်တက် လာခဲ့ပါသည်။ ထို့အပြင် ပို၍တင်းကျပ်လာသော စိစစ်ကြီးကြပ်ရေး လုပ်ငန်းစဉ်များကြောင့် အချိန်နှင့် အရင်းအမြစ်များ ပိုမိုလိုအပ်လာသဖြင့်၊ စီးပွားရေး နည်းဗျူဟာများ၏ ထိရောက်နိုင်မှုအပေါ် သက်ရောက်မှုများ ရှိလာနိုင်ပါသည်။</td><td>ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံ၏ ရေရှည်အကျိုးကို ရှေးရှု၍ လုပ်ငန်းများကို လုပ်ဆောင်သွားရန် ကတိကဝတ်ထားရှိပါသည်။ ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သော ကုမ္ပဏီအုပ်စု၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများဖြင့် ပြည်သူများအတွက် ပိုမိုကောင်းမွန်သော မြန်မာနိုင်ငံတော် တည်ဆောက်ရန်ဟူသည့် ရည်မှန်းချက်ကို အကောင်အထည် ဖော်သွားမှာ ဖြစ်ပါသည်။<br><br>• လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် စီးပွားဖြစ်ရှင်သန်မှု၊ လုပ်ငန်းခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု အစရှိသည့် အချက်များအပေါ် အခြေခံ၍ လုပ်ဆောင်ခြင်း။ ထိုသို့ လုပ်ဆောင်ရာတွင် အဓိကလုပ်ငန်းကဏ္ဍများကို ပံ့ပိုးကူညီခြင်းနှင့် ဝန်ထမ်းများ၊ သုံးစွဲသူများ၊ ရောင်းချသူများ၊ စည်းမျဉ်းစည်းကမ်းထုတ်ပြန်သူများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ငွေချေးသူများနှင့် ရင်းနှီးမြှုပ်နှံသူများ ကဲ့သို့သော အကျိုးစီးပွား သက်ဆိုင်သူများနှင့် ထိတွေ့ဆက်ဆံခြင်း။<br>• ကုမ္ပဏီအုပ်စုသည် လူမှုအသိုက်အဝန်း၏ လိုအပ်ချက်များနှင့် စီးပွားရေးဗျူဟာကို ထိန်းညှိပေးခြင်းဖြင့် စိန်ခေါ်မှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းနိုင်သည်သာမက နိုင်ငံအတွက် ရေရှည်တည်တံ့ အောင်မြင်သော အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်ခြင်း။<br>• ကုမ္ပဏီအုပ်စု၏ ဂုဏ်သတင်းကို ကာကွယ်ရန် ကျင့်ဝတ်ဆိုင်ရာ စီးပွားရေးကျင့်ထုံးများကို လိုက်နာပြီး မကောင်းသည့် အမူအကျင့် လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ခြင်း။<br><br>နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများအကြားတွင် ဆက်လက်ရှင်သန်နေသည်ကို ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ခံနိုင်ရည်ရှိမှုကို သိရှိနိုင်သည့်အပြင် ပြည်သူနှင့် မြန်မာနိုင်ငံ၏ အနာဂတ်ကောင်းကျိုးအတွက် ထားရှိသည့် ကုမ္ပဏီအုပ်စု၏ ကတိကဝတ်ကို ပေါ်လွင်စေပါသည်။</td></tr>
</table>

| အဓိက ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | အန္တရာယ်လျော့ပါးစေမည့် လုပ်ဆောင်ချက်များ |
| --- | --- |
| **လုပ်ငန်းလည်ပတ်မှု အန္တရာယ်** | |
| **ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး အန္တရာယ်**<br><br>ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များသည် လုပ်ငန်းလည်ပတ်မှု၊ ဝန်ထမ်းများ၏ ကိုယ်စိတ်ကျန်းမာရေး၊ လုပ်ကိုင်နိုင်စွမ်းရည်နှင့် ဥပဒေရေးဆိုင်ရာ များအပေါ် များစွာ အကျိုးသက်ရောက်မှု ရှိလာနိုင်ပါသည်။ အဆိုပါ ဆုံးရှုံးနိုင်ချေ အန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲခြင်းမရှိပါက လုပ်ငန်းလည်ပတ်မှုကို နှောင့်ယှက်ခြင်း၊ အာမခံအတွက် ကုန်ကျစရိတ်မြင့်မားခြင်း၊ တရားစွဲခြင်းနှင့် ကုမ္ပဏီ၏ဂုဏ်သတင်းကို ထိခိုက်စေခြင်း၊ သုံးစွဲသူနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ထိခိုက်စေခြင်းနှင့် ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုး လျော့ကျလာနိုင်ခြင်းတို့အထိ ဖြစ်လာနိုင်ပါသည်။ | ကုမ္ပဏီအုပ်စုသည် ၎င်း၏ လုပ်ငန်းများအားလုံးတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် အမြင့်ဆုံး ဘေးကင်းလုံခြုံရေး စံနှုန်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ပါသည်။<br><br>• ထိရောက်သော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပြီး လုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် စည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို ဦးစားပေးဆောင်ရွက်ခြင်း။<br>• ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးကို ဦးစားပေးသည့်အလျောက် Risk Management and Assurance Team မှ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် သက်ဆိုင်ရာလုပ်ငန်းခွင်များသို့ သွားရောက်၍ ကျန်းမာရေးနှင့် ဘေးကင်းသော လုပ်ငန်းခွင် ပတ်ဝန်းကျင် HSE ဆိုင်ရာ မူဝါဒများ၊ အလေ့အကျင့်များနှင့် စွမ်းဆောင်ရည်များ စစ်ဆေးခြင်းများကို ပုံမှန်ပြုလုပ်ခြင်း ၊ ဝန်ထမ်းများမှလည်း ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို တိုက်ရိုက်တိုင်ကြားနိုင်ခြင်း။<br>• ပြီးပြည့်စုံသော အန္တရာယ် အကဲဖြတ်ခြင်း၊ လုပ်ငန်းခွင် နှင့် စက်ကိရိယာ အသုံးအဆောင်များကို အသေးစိတ် စစ်ဆေးခြင်းများ မှတဆင့် စည်းကမ်းတင်းကျပ်သော လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး လုပ်ထုံးလုပ်နည်းများကို ထိန်းသိမ်းခြင်း။<br>• ဝန်ထမ်းများအတွက် ပုံမှန်ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်ပုံအဆင့်ဆင့်နှင့် အကောင်းဆုံး အလေ့အကျင့်များကို သင်ကြားပေးသည့် သင်တန်းများအပြင် ကျန်းမာရေးနှင့် ဘေးကင်းသော လုပ်ငန်းခွင် ပတ်ဝန်းကျင် HSE ဆိုင်ရာ မူဝါဒများကို လက်စွဲပြုကျင့်သုံးနေသည်ကို ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့မှ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အန္တရာယ်များကို စနစ်တကျ စီမံခန့်ခွဲနေသည်ကို သိနိုင်ခြင်း။ |
| **လူ့အင်အား အန္တရာယ်**<br><br>ကုမ္ပဏီအုပ်စု၏ လုပ်ငန်းတိုးချဲ့နိုင်မှုသည် ဝန်ထမ်းများ၏ အရည်အသွေး၊ လုပ်ကိုင်ရည်အပေါ် မူတည်သောကြောင့် ဝန်ထမ်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံထားရန် ကတိကဝတ်ပြုထားပါသည်။ ကုမ္ပဏီအုပ်စုသည် အရည်အချင်းပြည့်မီသည့် နိုင်ငံသားဝန်ထမ်းများကို ခေါင်း ဆောင်နေရာများတွင် ဦးဆောင်လုပ်ကိုင်နိုင်ရန် ရာထူးတိုးမြှင့်ပေးပါသည်။ | ကျွန်ုပ်တို့အနေဖြင့် နေ့စဉ် လုပ်ငန်းလည်ပတ်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို စီမံခန့်ခွဲရင်း ခံနိုင်ရည်စွမ်းမြင့်သော ဝန်ထမ်းအင်အားစုကို တည်ဆောက်သွားရန် မျှော်မှန်းကြိုးစားလျက်ရှိပါသည်။<br><br>• နောက်ဆက်ခံသူများအတွက် ရေးဆွဲထားသည့် အစီအစဉ်ကို ပုံမှန်စိစစ် ပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်မြင့် ဝန်ထမ်းများကို ဖော်ထုတ်နိုင်ရန် ဝန်ထမ်းများ၏ အရည်အချင်းကို သုံးသပ်ခြင်းဖြင့် ခေါင်းဆောင်နေရာနှင့် အရေးကြီးရာထူးများအတွက် အသင့်ဖြစ်နေစေခြင်း။<br>• ကျွန်ုပ်တို့၏ ဆက်ခံသူများအစီအစဉ်တွင် ကျွမ်းကျင်မှုကွာဟချက်များကို ခွဲခြားသတ်မှတ်ပြီး အရေးကြီးသော လုပ်ငန်းဆောင်တာများကို ထိန်းသိမ်းထားနိုင်ရန် အပြန်အလှန် လေ့ကျင့်ရေးသင်တန်းများကို လုပ်ဆောင်ပေးခြင်း။<br>• လုပ်သားအင်အား ရုတ်တရက်လျော့ချရသည့် အခြေအနေကို စီမံခန့်ခွဲရန် အစီအစဉ်ရေးဆွဲထားပြီး အဆိုပါ အစီအစဉ်တွင် လုပ်ငန်းစီမံကိန်းများနှင့် အခြားပြီးမြောက်အောင် လုပ်ဆောင်ရမည့် ကိစ္စရပ်များ၏ အချိန်သတ်မှတ်ချက်များကို ပြောင်းလဲနေသော လုပ်ငန်းပတ်ဝန်းကျင်နှင့်အညီ လိုက်လျောညီထွေအောင် ပြောင်းလဲ လုပ်ဆောင်နိုင်ခြင်း။<br>• ဝန်ထမ်းနှင့် ၎င်းတို့၏ မိသားစုဝင်များကို ကူညီပံ့ပိုးရေးအတွက် အစီအစဉ်များ ချမှတ်ရာတွင် လိုအပ်သည့် ဆွေးနွေးတိုင်ပင်မှုများကို လုပ်ဆောင်နိုင်ရန်အတွက် ချိတ်ဆက်ပြောဆိုနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းများ ထားရှိပေးခြင်း။<br><br>အထက်ပါ လုပ်ဆောင်မှုဖြင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များအတွက် ပြင်ဆင်ထားနိုင်သည်သာမက လုပ်ငန်းလည်ပတ်ရေးနှင့် ဝန်ထမ်းများ၏ ကိုယ်စိတ်ကျန်းမာခြင်းကိုပါ ဆက်လက်ထိန်းသိမ်းထားနိုင်မှာ ဖြစ်ပါသည်။ |
| **လိမ်လည်မှု၊ လာဘ်ပေးလာဘ်ယူမှု နှင့် အကျင့်ပျက်ခြစားမှု**<br><br>အကျင့်ပျက်ခြစားမှုနှင့် လိမ်လည်မှုအန္တရာယ်သည် မြန်မာနိုင်ငံရှိ လုပ်ငန်းတိုင်းတွင် တည်ရှိနေပြီး လက်ရှိလုပ်ငန်းလည်ပတ်နေရသည့် ပတ်ဝန်းကျင်တွင် အဆိုပါ အန္တရာယ်မှာ ဆက်လက်ရှိနေဆဲဖြစ်ပါသည်။ ထိုသို့ အန္တရာယ်ဖြစ်စေသည့် လုပ်ရပ်များကို ဝန်ထမ်းများ၊ အရာရှိများ၊ သုံးစွဲသူများ (သို့) ကုမ္ပဏီအုပ်စုနှင့် ချိတ်ဆက်ထားသော ရောင်းချသူများမှ ကျူးလွန်နိုင်ပါသည်။ | • အကျင့်ပျက်ခြစားမှုနှင့် လိမ်လည်မှုများအတွက် လုံးဝသည်းခံမှု မရှိသော မူဝါဒကို အကောင်အထည်ဖော်ပြီး ကုမ္ပဏီအုပ်စု၏ ကျင့်ဝတ်သိက္ခာနှင့် အကျိုးစီးပွား ပဋိပက္ခမူဝါဒဆိုင်ရာ သင်တန်းကို ပုံမှန်ပြုလုပ်ခြင်း။<br>• ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (ARMC) မှ သတိမထားမိသော မရိုးသားမှုများ၊ မဆီလျော်မှုများကို ဆုံးရှုံးနိုင်ခြေရှိမှု အန္တရာယ် စီမံခန့်ခွဲမှုနှင့် အာမခံအဖွဲ့သို့ အလွယ်တကူ အသိပေးတိုင်ကြားနိုင်မည့် မူဝါဒ ထားရှိခြင်း။<br>• ပစ္စည်းဝယ်ယူရေးနှင့် ငွေသားစီမံခန့်ခွဲမှုကဲ့သို့သော အလုပ်သဘောအရ အန္တရာယ်များသည့် နယ်ပယ်များအပေါ် အာရုံစိုက်ကာ ကုမ္ပဏီအတွင်း စာရင်းစစ်ဆေးမှုများ ပြုလုပ်ခြင်းတို့အပြင် လုပ်ငန်းအသီးသီး၏ ကောင်းမွန်သောလုပ်ငန်းတွင်းထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ငန်းဌာနအချင်းချင်း မိတ်ဆက်ပေးခြင်း။ |

| အဓိက ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ | အန္တရာယ်လျော့ပါးစေမည့် လုပ်ဆောင်ချက်များ |
| --- | --- |
| **ဘဏ္ဍာရေးအန္တရာယ်** | |
| **ငွေကြေးဖောင်းကြွမှု အန္တရာယ်**<br><br>လုပ်အားခ၊ ကုန်ပစ္စည်းများ၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးနှင့် ဖြန့်ဖြူးရေးတွင် ကုန်ကျစရိတ်များ မြင့်တက်လာခြင်းသည် ကုမ္ပဏီအုပ်စု၏ ဈေးနှုန်းဗျူဟာ၊ အမြတ်အစွန်း၊ လုပ်ငန်းလည်ပတ်မှုနှင့် ဘဏ္ဍာရေးရလဒ်များအပေါ် ဆိုးကျိုးသက်ရောက်နိုင်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းများစွာသည် ကမ္ဘာ့ငွေကြေး ဖောင်းပွမှု၏ ဖိအားပေးမှုကို ခံနေရသော နိုင်ငံခြားမှ တင်သွင်းသော ကုန်ပစ္စည်းများအပေါ် မှီခိုနေရပါသည်။<br><br>ကုမ္ပဏီအုပ်စုအနေဖြင့် မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို သုံးစွဲသူများ၏ ဝယ်လိုအားကို မထိခိုက်စေဘဲ ဈေးနှုန်းမြှင့်တင်သွားနိုင်စွမ်း မရှိပါ။ | • ကုမ္ပဏီအုပ်စုသည် အမြတ်အစွန်းများ တိုးမြင့်လာစေရန် လုပ်ငန်းအခွင့်အလမ်းအသစ်များကို အစဉ်ရှာဖွေခြင်း ။<br>• ငွေကြေးဖောင်းပွမှု၏ အကျိုးသက်ရောက်မှုကို လျော့ချနိုင်ရန် ကုမ္ပဏီအုပ်စုသည် ကုန်ပစ္စည်းကိရိယာများကို ပြည်တွင်းမှ မှာယူသုံးစွဲနိုင်ရန် ဦးစားပေးလုပ်ဆောင်ခြင်း။<br>• ကုန်ကျငွေကို လျော့ချပေးနိုင်သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ပြီး လုပ်ငန်းလည်ပတ်မှုကို ပိုကောင်းအောင် လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း။<br>• ရေရှည်အတွက် သတ်မှတ်ထားသော ဈေးနှုန်းထားများကို ရောင်းချသူများနှင့်အတူ ပုံမှန်စောင့်ကြည့်ပြီး ညှိနှိုင်းမှုများကို ပြုလုပ်ခြင်း။<br>• အမြတ်အစွန်းများကို ထိန်းသိမ်းရန်နှင့် လုပ်ငန်းဏ္ဍတိုင်းတွင် အရင်းအနှီးများကို မျှတစွာ ခွဲဝေနိုင်ရန် ဘဏ္ဍာရေးအစီအစဉ်များကို စောင့်ကြည့်ပြီး လိုအပ်သလို ချိန်ညှိခြင်း။ |
| **ငွေသားစီးဆင်းမှုနှင့် ရန်ပုံငွေဆုံးရှုံးနိုင်ခြေ အန္တရာယ်**<br><br>ကုမ္ပဏီအုပ်စု၏ လုပ်ငန်းပုံစံသည် သင့်လျော်သော ကုန်ကျစရိတ်များဖြင့် အရင်းအနှီး ရှာဖွေခြင်း ဖြစ်ပါသည်။<br><br>လက်ရှိတွင် မြင့်တက်လာသော စီးပွားရေးဆိုင်ရာ အန္တရာယ်များ၊ ငွေကြေးဈေးကွက် မတည်ငြိမ်မှုများနှင့် ချေးငွေ အခြေအနေ တင်းကျပ်မှုများကြောင့် အပိုဘဏ္ဍာငွေ ထားရှိရန် လိုအပ်လာနိုင်ပြီး လက်ကျန်ရှင်းတမ်းများမှ ချေးငွေသုံးစွဲခြင်း လျော့ချရန် လိုအပ်လာနိုင်ပါသည်။ | ကုမ္ပဏီအုပ်စုသည် စနစ်ကျသော ကုန်ကျစရိတ် ဖွဲ့စည်းပုံကို ထိန်းသိမ်းထားနိုင်ရန်၊ လုပ်ငန်းလည်ပတ်မှုအတွက် လိုအပ်သည့် ဘဏ္ဍာငွေကို ထားရှိရန်၊ ပေါ်ပေါက်လာသည့်လုပ်ငန်း အခွင့်အလမ်းများအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ရန် ဘဏ္ဍာငွေအပို လျာထားခြင်းတို့ကို အလေးပေးလုပ်ဆောင်ပါသည်။<br><br>• ကြွေးမြီများကို တက်ကြွစွာ စီမံခန့်ခွဲပြီး ပိုမိုကောင်းမွန်သော ချေးငွေပြန်ဆပ်ရမည့် သက်တမ်းကာလ (သို့) ပိုမိုနည်းပါးသည့် အတိုးနှုန်းတို့ဖြင့် ချေးယူနိုင်သည့် ငွေချေးနည်းအသစ်များ ရှာဖွေခြင်းနှင့် ကြွေးမြီသက်တမ်းကို တိုးချဲ့ခြင်း။<br>• ပြည်တွင်းမှ ရန်ပုံငွေ ရှာဖွေနိုင်သည့် နည်းလမ်းများကို ရှာဖွေခြင်းနှင့် မတူညီသော ရန်ပုံငွေ အရင်းအမြစ်များ ထားရှိခြင်းဖြင့်နိုင်ငံခြားငွေလဲလှယ်မှု အန္တရာယ်ကို လျော့ချခြင်း။<br>• ကုန်ပစ္စည်းစာရင်းကို လျော့ချခြင်းနှင့် လုပ်ငန်းလည်ပတ်မှုအတွက် အဓိကမကျသော ပိုင်ဆိုင်မှုများကို ရောင်းချခြင်းဖြင့် အရံငွေထားရှိမှုကို တိုးမြှင့်ခြင်း။<br>• ကုန်ကျစရိတ် ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းလည်ပတ်ရေး လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူထိရောက်စွာ လုပ်ဆောင်နိုင်ရန် နည်းပညာများ ထည့်သွင်းလုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းဆိုင်ရာ ထိရောက်မှုကို တိုးမြှင့်ခြင်း။<br>• ငွေကြေးစီးဆင်းမှုကို လုပ်ငန်းလည်ပတ်မှု လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်နိုင်ရန်နှင့် အကြွေးပေးဆပ်မှုများကို ချိန်ညှိနိုင်ရန် ငွေဖြစ်လွယ်အောင် စီမံခန့်ခွဲခြင်း၊ မရှိမဖြစ်လိုအပ်သော လုပ်ငန်းထိန်းသိမ်း တိုးတက်မှုအတွက် လိုအပ်သော အရင်းအနှီးအသုံးစရိတ်များကို ထားရှိခြင်း။ |
| **နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် အတိုးနှုန်း အန္တရာယ်**<br><br>Yoma Group ၏ လုပ်ငန်းလည်ပတ်ရာတွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေ ဈေးနှုန်းအတက်အကျတို့ဖြင့် တွေ့ကြုံရပါသည်။ Yoma Group အနေဖြင့် အတိုးနှုန်းဆိုင်ရာ အဆင်မပြေမှုများဖြင့်လည်း တွေ့ကြုံရပါသည်။ | ကုမ္ပဏီအုပ်စုရှိ လုပ်ငန်းတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် နိုင်ငံခြားငွေ ထိတွေ့မှုအတွက် အဆက်မပြတ် ပြန်လည်သုံးသပ်ခြင်းနှင့် ကုမ္ပဏီအုပ်စုအနေဖြင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် ပါဝင်ထိတွေ့မှု တို့ကို စောင့်ကြည့်ပါသည်။<br><br>နိုင်ငံခြားငွေလဲလှယ်မှုအန္တရာယ်၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာစေရန် နည်းဗျူဟာများမှာ<br><br>• ဘဏ္ဍာရေးရှင်းတမ်းအခြေအနေကို ထိန်းထားရန် ပိုင်ဆိုင်မှုများအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်း၊<br>• ပြည်တွင်းငွေ ချေးယူမှုအချိုးကို တိုးမြှင့်ခြင်းနှင့် နိုင်ငံခြားငွေလဲလှယ်မှုတို့ကို လျော့ချခြင်း။<br>• အတိုးနှုန်း အတက်အကျများကို စီမံခန့်ခွဲရန် ချေးငွေအတွက် ပုံသေနှင့်ပြောင်းလဲသော နှုန်းထားနှစ်မျိုးလုံးကို ထားရှိခြင်း။ |

<table>
<tr><th>အဓိက ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ</th><th>အန္တရာယ်လျော့ပါးစေမည့် လုပ်ဆောင်ချက်များ</th></tr>
<tr><td colspan="2">ဘဏ္ဍာရေးအန္တရာယ်</td></tr>
